# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၄)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး

## ကလေးမြို့နှင့် ဟားခါးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ကလေးမြို့ မြို့တော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး တာဟန်းဈေးသစ် တည်ဆောက်ပြီးစီးမှုနှင့် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဈေးသူဈေးသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ကြည့်ရှု**

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် ကလေးမြို့ မြို့တွင်းလမ်းများ သပ်ရပ်ကောင်းမွန်မှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မြင့်စိုးသည် ချင်းပြည်နယ်ဥက္ကဋ္ဌ ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ကလေး-သိုင်းငင်းလမ်းပိုင်း ထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကလေး-ဖလမ်း-ဟားခါးလမ်း တိုးတက်ကောင်းမွန်မှုနှင့် လမ်းဘေး ဝဲ/ယာ တစ်လျှောက် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ●

ရွာသာယာကျေးရွာတွင် ဆိုလာပြား၊ မီးလုံးနှင့် စွမ်းအင်ထိန်းချုပ်ရေးစနစ်ပါသော နေစွမ်းအင်သုံး မီးတိုင်တစ်တိုင်ကို ဤသို့ တွေ့ရသည်။

# မြန်မာနိုင်ငံ၌ ဆိုလာစွမ်းအင်ဖြင့် ပထမဆုံး ရွာလုံးကျွတ်မီးလင်းသည့် ရွာသာယာကျေးရွာ

နေပြည်တော် ဇန်နဝါရီ ၂၁

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

နေစွမ်းအင်အသုံးပြုပြီး တစ်ရွာလုံး မီးလင်းနေပြီဟူသော မင်္ဂလာရှိသည့်သတင်း ကြားလိုက်ရသည်။ ဝမ်းသာစရာကောင်းသလို စိတ်ဝင်စားစရာလည်း ကောင်းသည်။ မြန်မာနိုင်ငံတွင် ပထမဆုံးသော ရွာလုံးကျွတ် နေစွမ်းအင်အသုံးပြုသည့်ကျေးရွာအဖြစ် ဂုဏ်ယူဖွယ်ရာ ပေါ်ထွက်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုရွာအမည်ကား ရွာသာယာကျေးရွာ။

မြင်းခြံခရိုင် မြင်းခြံမြို့နယ် အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ၌ တည်ရှိသည့် ကျေးရွာဖြစ်သည်။ အိမ်ခြေ ၂၄၇ လုံးရှိပြီး နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ERES (EARTH RENEWABLE ENERGY SYSTEMS) ကုမ္ပဏီတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုတို့ကြောင့် ရွာသာယာတစ်ရွာလုံး အိမ်တိုင်းနေစွမ်းအင်ဖြင့် မီးများ ထိန်ထိန်လင်းနေပြီ။

*စာမျက်နှာ ၉ ကော်လံ ၁* ◆



မြင်းခြံမြို့နယ် အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာရှိ ရွာသာယာကျေးရွာတွင် တပ်ဆင်ထားသည့် နေစွမ်းအင်သုံး ဆိုလာပြားများကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက်)

# အဝတ်အထည်ထုတ်လုပ်မှု တိုးမြှင့်ရေး ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ လက်တွဲပါဝင်

မြန်မာနိုင်ငံသည် ဝါမျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်သော နိုင်ငံဖြစ်သည်။ ယခင်က တစ်ဧက ဝါပိဿာ ၄၀၀၊ ၅၀၀ ထွက်ရှိနေရာမှ ယခုအခါ ဝါစိုက်ခင်းတစ်ဧက ပိဿာ ၁၆၀၀ကျော်အထိ ထွက်ရှိလျက်ရှိသည်။ ငွေချည်(၆) ချည်မျှင်ရှည်ဝါမျိုးကို စိုက်ပျိုးပြီး ပြည်တွင်း၌ စက်ရုံတည်ထောင်၍ ထုတ်လုပ်လျက်ရှိသည်။

အဝတ်အထည်ထုတ်လုပ်မှု၌ နိုင်ငံတော်ပိုင်စက်ရုံ အလုပ်ရုံများသာမက တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ ပူးပေါင်းပါဝင် ထုတ်လုပ်လျက်ရှိသည်။ ယင်းသို့ ပုဂ္ဂလိက အထည်လုပ်ငန်းများ ပူးပေါင်းထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်များ ပြည့်မီလာပြီး သွင်းကုန်အစားထိုးမှုသည်လည်း အောင်မြင်တိုးတက်လာမည် ဖြစ်သည်။

လူနေမှုနယ်ပယ်တွင် ဝတ်စားဆင်ယင်မှုသည် အထူးအရေးပါပြီး ယနေ့ခေတ်ကာလ၌ အဝတ်အစားနှင့်စပ်လျဉ်း၍ အရောင်အသွေးမျိုးစုံ၊ ဒီဇိုင်းမျိုးစုံ ရွေးချယ်ဝတ်ဆင်မှုများကို ပိုမိုပြုလုပ်လာကြသည်။ သို့ဖြစ်၍လည်း လူသားများ၏ လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရန် ဒီဇိုင်းအသစ်အဆန်းများ တီထွင်ထုတ်လုပ်ရန် အမြဲလိုအပ်နေမည်ဖြစ်သည်။

နိုင်ငံတော်၏ အဝတ်အထည်ထုတ်လုပ်မှုကဏ္ဍတွင် ကုန်ကြမ်းအနေဖြင့် ဝါသီးနှံကို အဓိကထား အသုံးပြု သုံးစွဲထုတ်လုပ်လျက်ရှိသည်။ ပြည်တွင်းလိုအပ်ချက်အားလုံးကို လုံလုံလောက်လောက် ဖြည့်ဆည်းနိုင်ရန်အတွက် အထည်စက်ရုံ အလုပ်ရုံများ ထပ်မံတည်ဆောက်ရန် လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝကုန်ကြမ်းများဖြစ်သည့် ဝါး၊ ထင်းရှူး၊ ယူကလစ်၊ ကျူပင်၊ ကိုင်းပင်များ ပေါက်ရောက်လျက်ရှိပြီး ယူကလစ်၊ ထင်းရှူးတို့ကိုလည်း နည်းစနစ်ကျကျ စိုက်ပျိုးလျက်ရှိသည်။ ဝါး၊ ကျူပင်၊ ထင်းရှူး၊ ယူကလစ်၊ ကိုင်းပင် အစရှိသော အပင်များမှရရှိသည့် ပျော့ဖတ်ဖြင့် ရေယွန်အမျှင်ထုတ်လုပ်သော စက်ရုံများတည်ဆောက်နိုင်မည်ဆိုပါက ခေတ်နှင့်လျော်ညီသော အရောင်အသွေးကောင်းမွန်သည့် အဝတ်အထည်များ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ပြည်တွင်းရှိ သဘာဝသယံဇာတအပေါ် အခြေခံပြီး ရေယွန်ထုတ်လုပ်သည့် စက်ရုံများဆောက်လုပ်ရန် လိုအပ်လျက်ရှိရာ နိုင်ငံတော်၏ အထည်အလိပ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သွားပါက နိုင်ငံတော်၏ အထည်အလိပ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များသည် အဝတ်အထည်ထုတ်လုပ်ရေးလုပ်ငန်းများတွင် လက်တွဲပူးပေါင်းဆောင်ရွက်သွားပါက ပြည်တွင်းအထည်အလိပ်လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်သည်သာမက ပြည်ပသို့ပင် တင်ပို့ရောင်းချနိုင်သည်အထိ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု လက်ဝှေ့အသင်းအား တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲတွင် ပထမ တံခွန်စိုက်ဒိုင်းဆု ရရှိခဲ့သော တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု လက်ဝှေ့အသင်းအား ဂုဏ်ပြုကြိုဆိုခြင်းနှင့် တံခွန်စိုက်ဒိုင်း အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြု အမှာစကားပြောကြားပြီး အသင်းအုပ်ချုပ်သူအရာရှိက ပထမတံခွန်စိုက်ဒိုင်းဆု၊ (က)အဆင့် တံခွန်စိုက်ဒိုင်းဆု၊ (ခ)အဆင့် တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကို တိုင်းမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် အောင်ပွဲရ လက်ဝှေ့အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆုချီးမြှင့်

တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးသီဟက ၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးရရှိသော မငွေပြည်စိုးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ချောင်းတက်ကျေးရွာအုပ်စု ထောက်ရှည့်ကန်-လေးပင်ကုန်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

# ကျောင်းကုန်းမြို့၌ ပညာဗိမာန်စာကြည့်တိုက်ဖွင့်

**ကျောင်းကုန်း ဇန်နဝါရီ ၂၁**

ကျောင်းကုန်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စု မီးသွေးတိုက်ကျေးရွာ၌ ပညာဗိမာန်စာကြည့်တိုက် ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီက ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဖိုးချစ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

### အမှာစကားပြော

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က အမှာစကားပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ဌာနဆိုင်ရာများက သုတ ရသ စာအုပ်များနှင့် စာကြည့်တိုက်ရန်ပုံငွေများ မတည်လှူဒါန်းပြီး ကျောင်းကုန်းမြို့နေ အလှူရှင် ဦးသန်းညွှန့်နှင့် ဦးသိန်းထွန်းတို့က ဂျာနယ် စာစောင် ၂၀၀ စီနှင့် ကျေးရွာ အလှူရှင်များက တိုင်ကပ်နာရီနှင့် ရေဒီယိုများ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီမှ ဦးစိုးအောင် လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ပြည်တော်ဦး မြန်မာ-ကိုရီးယား လူငယ်ဖွံ့ဖြိုးရေးကျောင်း၏ စီစဉ်မှုဖြင့် တောင်ကိုရီးယားနိုင်ငံ ဖူဆန်းမြို့ Pukyong National University မှ Director Dr. Yeonho Chung နှင့် Coordinator Mr. Park . Won Zoo တို့က ကိုရီးယားတက္ကသိုလ်ပညာရေးအကြောင်း ရှင်းလင်းဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ IBC ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို ဖုန်း-၅၆၁၄၅၉ နှင့် ၀၉-၅၁၁၆၂၄ တို့ထံသို့ စာရင်းပေးသွင်း၍ အခမဲ့တက်ရောက်နားထောင်ဆွေးနွေးနိုင်ပြီး ဟောပြောပွဲနေ့တွင် စာရင်းပေးထားသော နာမည်ဖြင့် တက္ကသိုလ်လမ်းညွှန်စာစောင်များကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ပခုက္ကူအသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

***ရန်ကုန် ဇန်နဝါရီ ၂၁***

*ပခုက္ကူအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်နှင့် စာပေအနုပညာ ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်လမ်း ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။*

*အသင်းဝင်များနှင့် အသင်းဝင်မဟုတ်သော ပခုက္ကူ နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ၂၀၁၀ ခုနှစ် မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူ အသင်းဝင်၏ သားသမီးများနှင့် ၂၀၀၉ ခုနှစ် အောင်မြင်ပြီး တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများမှ ပညာသင်ဆု လျှောက်ထားလိုသူများသည် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀၂၁၈၈၅၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း- ၇၂၀၂၀၂၊ ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်း ဖုန်း-၅၁၇၀၁၇နှင့် တွဲဖက်အတွင်းရေးမှူး ဦးချမ်းမြေ့(ဓမ္မာရုံ) ဖုန်း-၃၈၃၅၁၁/၂၅၁ တို့ထံသို့ ကြိုတင်ဆက်သွယ် သတင်းပို့ကြရန် နှိုးဆော်ဖိတ်ကြားထားကြောင်း သိရှိရသည်။* ***(မြန်မာ့အလင်း)***

# ၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဉမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

● **ရှေ့ဖုံးမှ**

ယင်းနောက် ဖလမ်းမြို့ ငဆစ်ဗား ရေအားလျှပ်စစ်စက်ရုံ၌ စက်များ ကြံ့ခိုင်ကောင်းမွန်မှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖလမ်းမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မြင့်စိုး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဖလမ်းမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လူငယ်သင်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးကြကာ သင်တန်းသားများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

**ဖြန့်ဖြူးပေး**

ထို့နောက် ဖလမ်းမြို့အနီးရှိ လိုင်ဗားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဖလမ်းမြို့နယ် ရမ်ထလို ကျေးရွာအုပ်စုရှိ ရမ်တလောင်စိုက်ပျိုးရေးခြံ၌ လက်ဖက်ကိုင်းဖြတ် စိုက်ပျိုးဖြစ်ထွန်းမှုနှင့် လက်ဖက်မျိုးများ စမ်းသပ်စိုက်ပျိုး ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ပေးအပ်**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၆ ရက်တွင် ဟားခါးမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် ပြည်နယ်ဥက္ကဋ္ဌ ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတက် လူနာများအား ကြည့်ရှုအားပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၊ ချင်းပြည်နယ်လက်ဖက်ပြခန်း၊ ဟားခါးမြို့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကျောဘုတ်လက်ဖက်စိုက်ခင်း၊ ဒေသခံတစ်ဦး၏ နွားနောက်ခြံအတွင်း နွားနောက်များမွေးမြူထားရှိမှု၊ ဈေးဟောင်းရပ်ကွက်ရှိ တော်လှန်ရေးရေကန် ပြုပြင်တည်ဆောက်နေမှုနှင့် ဟားခါး-ဂန့်ဂေါ လမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ဖလမ်းမြို့ ငဆစ်ဗား ရေအားလျှပ်စစ်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၂၂-၁-၂၀၁၁ (စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အဖွင့်သီချင်း
၁၁း၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၂၃)
၁၂း၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ဖော်တီးအိုဗာဖီး(လ်)** လူမင်း၊ ထွန်းအိန္ဒြာဗို၊ ဇူးမြတ်ထက်၊ ဒါရိုက်တာ- မောင်ပြည့်ဝ(ပန်းဝေသီ)
၁၃း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၃၄)

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၀ ၇။ ကုန်သွယ်သုတ
၄း၃၅ ၈။ မျိုးချစ်တပ်မတော်
၄း၄၅ ၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄း၅၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၀ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ **စားဖိုဆောင်ချစ်သူ**
၆း၅၀ ၁၅။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လျှပ်တစ်ပြက်
၂၂။ လူရွှင်တော်စကား
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းသမားခုနစ်ဖော်** (အပိုင်း-၃၉) ဇာတ်သိမ်းပိုင်း
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၂၁)

## တစ်ပြည်လုံးသာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၁

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**ဇန်နဝါရီ ၂၂ ရက်ညနေအထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

## ဦးချိုထွန်းအောင်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ဦးချိုထွန်းအောင်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အထပ်မြင့်တိုက်များမီးလောင်လျှင်

(က) ခုန်မချပါနှင့်။
(ခ) မကြောက်ပါနှင့်။
(ဂ) စိတ်ငြိမ်ငြိမ်ထားပါ။
(ဃ) အနီးဆုံးမီးသတ်စခန်းသို့ အချိန်မီအကြောင်းကြားပါ။

မီးသတ်ဦးစီးဌာန။

## ရေချိုးခန်းသုံး ပစ္စည်းနှင့် နံရံခင်းကြွေပြားများ ပြပွဲ၌ ခင်းကျင်းပြသထား

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ Automobile & Autoparts Expo 2011 ပြပွဲကို ခင်းကျင်းပြသလျက်ရှိရာ COTTO Sanitary Ware & Fittings ပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။

**ပို့ဆောင်**

အဆိုပါပြခန်း၌ ထိုင်းနိုင်ငံမှ ထုတ်လုပ်သည့် COTTO အမှတ်တံဆိပ် ရေချိုးခန်းသုံး ပစ္စည်းများ၊ ရေချိုးကန်၊ လက်ဆေးကြွေဇလုံ၊ ဘိုထိုင်၊ ကြမ်းခင်းနှင့် နံရံခင်းကြွေပြားများကို ပြသထားပြီး ဝယ်ယူသူများအား အိမ်တိုင်ရာရောက် ပို့ဆောင်ပေးလျက်ရှိသည်။

**ဖွင့်လှစ်ရောင်းချ**

အရောင်းပြခန်းများ ဖြစ်သည့် အမှတ် ၂၃၈ ပြည်လမ်း (မြေနီကုန်း) စမ်းချောင်းမြို့နယ် ဖုန်း-၅၂၄၆၀၉၊ အမှတ် ၁၄၃-၁၄၄-၁၄၅ ပြည်လမ်း ၁၀ မိုင်ကုန်းလေဆိပ်အနီး အင်းစိန်မြို့နယ် ဖုန်း-၆၆၀၄၁၇၊ အမှတ် ၁၈၆ ဝေဇယန္တာလမ်း (၁၆ကွေ့အနီး) တောင်ဥက္ကလာပမြို့နယ် ဖုန်း-၅၇၁၄၆၅၊ အခန်း(၂) အဆောင် (၂၉) ကျောက်စိမ်း ဖလမ်း စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၄၂၁၇၁ တို့ဖြစ်ပြီး ပိတ်ရက်မရှိ ဖွင့်လှစ် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဦးအုန်းမြင့် ၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၁**

၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ ပြပွဲကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ပြပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်ကြီးနှင့် ဗဟိုအလုပ်အမှုဆောင်များက ဆွေးနွေးတင်ပြကြပြီး ပြပွဲကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ ၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**လှိုင်မြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်ကကျင်းပရာ စတုတ္ထတန်းတွင် ပထမဆုနှင့် ရန်ကုန်တိုင်းဒေသကြီးကျောင်းပေါင်းစုံ ဝူရှူးပြိုင်ပွဲတွင် တတိယဆု နှစ်ဆုရရှိသော မအိမြတ်နိုးချိုအား ဆရာမကြီးဒေါ်မာလာရီ ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)

# နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန် အရေး(၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းလျက် ချီတက်နေချိန်တွင် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း အချင်းချင်းပြဿနာများရှိနေခြင်း၊ ၎င်းတို့၏ လုပ်ရပ်များအပေါ်တွင် ၎င်းတို့ကိုယ်တိုင် ယုံကြည်မှုမရှိခြင်းနှင့် ၎င်းတို့၏ မှားယွင်းသည့် လုပ်ရပ်များအပေါ် နားလည်သဘောပေါက်လာသဖြင့် ဥပဒေဘောင်အတွင်းသို့ အသီးသီး ဝင်ရောက်လျက်ရှိသည်။

**ဝင်ရောက်**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေ၌ ဇန်နဝါရီ ၁၉ရက်တွင် KNU အကြမ်းဖက်သောင်းကျန်းသူ စောလားဘွယ်အဖွဲ့မှ စောချမူကျေး ဦးစီးအင်အား ခုနစ်ဦးသည် လက်နက်မျိုးစုံ ခုနစ်လက်၊ ကျည်မျိုးစုံ ၁၀၅၀၊ လမ်းလျှောက်စကားပြောစက်တစ်လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။

**ကူညီဆောင်ရွက်**

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သူ ခုနစ်ဦးအား တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အတွင်း၌လည်း အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

>> မိုးမြင့်လင်းလက် – စုစည်းသည် <<

### အီရတ် ကာဘာလာမြို့၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

**ကာဘာလာ ဇန်နဝါရီ ၂၁**

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဇန်နဝါရီ ၂၁ ရက်က ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် လူ ၅၀ ထက်မနည်းသေဆုံးပြီး ၁၅၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။ **(ဝဲပုံ)**

၎င်းဗုံးများမှာ ကာဘာလာမြို့လယ်ရှိ လူစည်ကားရာလမ်းပေါ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဘာကူဘာမြို့တွင်လည်း ဇန်နဝါရီ ၂၁ရက် နံနက်ပိုင်းက ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အရပ်သား သုံးဦးသေဆုံးခဲ့သည်။

အီရတ်နိုင်ငံတစ်ဝန်းတွင် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများမှာ ယခင်နှစ်များကထက် လျော့နည်းလာခဲ့သော်လည်း ဗုံးခွဲတိုက်ခိုက်မှုများက ပိုမိုမြင့်တက်လာကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

### ရုရှား၌ ရဟတ်ယာဉ်ပျက်ကျ၊ တစ်ဦးသေဆုံး

**မော်စကို ဇန်နဝါရီ ၂၁**

ရုရှားနိုင်ငံ လီနင်ဂရက်ဒေသတွင် ဇန်နဝါရီ ၂၁ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

၎င်းရဟတ်ယာဉ်မှာ ပုဂ္ဂလိကပိုင်ရဟတ်ယာဉ်တစ်စင်းဖြစ်ပြီး အေအက်စ်-၃၅ အမျိုးအစားဖြစ်သည်။ ပျက်ကျခဲ့ခြင်းမှာ မတော်တဆဖြစ်ရပ်ကြောင့် ဖြစ်သည်။ ရဟတ်ယာဉ်ပျက်ကျခဲ့သည့်နေရာမှာ ပရိရှော့စကီးခရိုင်အတွင်း၌ ဖြစ်သည်။

အဆိုပါရဟတ်ယာဉ်သည် ရုရှားနိုင်ငံ ဗီလာအမ်ကျွန်းမှ စိန့်ပီတာစဘတ်မြို့သို့ ပျံသန်းလာစဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦးမှာ အရေးပေါ်လေထီးဖြင့် ခုန်ထွက်နိုင်ခဲ့မှုကြောင့် အသက်ဘေးမှလွတ်မြောက်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

### ဘရာဇီး၌ မုန်တိုင်းထန်ပြီး ရေကြီး၍ သေဆုံးသူ ၇၇၂ ဦးရှိလာ

**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၁**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် မုန်တိုင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုတို့ကြောင့် ရေလွှမ်းမှုများဖြစ်ကာ ဇန်နဝါရီ ၂၁ ရက်အထိ သေဆုံးသူဦးရေမှာ ၇၇၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။ **(ယာပုံ)**

**သေဆုံးခဲ့**

ဘရာဇီးနိုင်ငံ နီဗာဖရီဘူရာဂိုဒေသတွင် သေဆုံးသူ ၃၅၇ ဦး၊ တီရီဆိုပိုလစ်မြို့တွင် ၃၂၃ ဦး၊ ပီထရိုပိုလစ်မြို့တွင် ၆၄ ဦးနှင့် ဆူမီဒေါ်ရိုမြို့တွင် ၂၈ ဦး သေဆုံးခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

ထို့အပြင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ၁၂၆ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ တောင်တန်းဒေသများတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေဆဲဖြစ်ကြောင်း၊ သွားလာရေးခက်ခဲလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဝန်ကြီးဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ကျော်မြင့်သည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးလက် ကျန်းမာရေးဌာနရှိ လူနာစမ်းသပ်ခန်း၊ သားဖွားခန်း၊ ခန်းမအတွင်းကျန်းမာရေးပညာပေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် တိုင်းရင်းပရဆေးပင်များစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ဝန်ကြီးသည် ဇန်နဝါရီ ၁၆ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံရှိ ဆေးကုသဆောင်အသစ်၌ လူနာများအား ဆေးကုသပေးမှု၊ ဆေးရုံဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးထားရှိမှု၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ သွားနှင့်ခံတွင်း ဆေးကုသခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများအား ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံသစ်(မန္တလေး) ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အလူမီနီယံကွန်ပို့စ်များ ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၁**

အိမ်ဆောက်ပစ္စည်းများနှင့် အိမ်အလှဆင်ပစ္စည်းများကို စင်ကာပူ၊ ထိုင်း၊ တရုတ်နိုင်ငံများမှ တင်သွင်းဖြန့်ချိရောင်းချနေသော ပြည့်ဝဆောက်လုပ်ရေးနှင့် အလူမီနီယံနှင့် မှန်ကုမ္ပဏီက Aluco Plus, (A+), Kamol, Jockey Club အစရှိသော အလူမီနီယံကွန်ပို့စ်ပြားများကို ဖြန့်ချိရောင်းချလျက်ရှိပြီး ထိုကွန်ပို့စ်ပြားများဖြင့် အိမ်တွင်း/အိမ်ပြင်အလှဆင်ခြင်း၊ ကွန်ဒိုမီနီယံတိုက်များ အလှဆင်ခြင်းများ ပြုလုပ်နိုင်ကြသည်။ **(အပေါ်ပုံ)**

ထို့အပြင် ယခုနောက်ဆုံး ရောက်ရှိလာသော Aluco Plus (A+) Composite ပြားများသည် နောက်ဆုံးပေါ် နည်းစနစ်များဖြင့် ထုတ်လုပ်ထားကာ ပုလဲအရောင်များ (Pearl Colour) ဖြစ်ပြီး ဆေးရောင် Coating များမှာ အလွန်လှပတောက်ပသော အရောင်အသွေးပေါင်း ၂၅ မျိုးပါရှိသည်။ ထို့အပြင် ကျွန်းကွက်၊ ကျောက်ပြားဒီဇိုင်းများလည်း ပါဝင်သည်။

ပြည့်ဝကုမ္ပဏီမှ အလူမီနီယံချောင်းများ၊ စတီးလ်ပိုက်များ၊ မှန်များ၊ အသင့်ခင်း ပါကေးများ၊စတီးလ်တံခါးများကိုလည်း တင်သွင်းရောင်းချလျက်ရှိသည်။ ပရိုမိုးရှင်းကာလဖြစ်သော ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွင် ရောင်းချသည့် ပစ္စည်းများကို အထူးသက်သာသောဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

နယ်ကိုယ်စားလှယ်ယူလိုသူများ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအတွက် အထူးဈေးနှုန်း စီစဉ်ထားရှိပြီး လက်လီ၊ လက်ကား ဝယ်ယူလိုသူများနှင့် အရောင်းကိုယ်စားလှယ်ရယူလိုသူများသည် ဆိုင်အမှတ်(၁) ၃၇၅ အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ် ဖုန်း ၀၁-၂၁၅၇၈၇၊၀၁-၇၀၁-၀၂၉နှင့် ဆိုင်အမှတ်(၂) ၇၅ တာမွေလမ်း ဖိုးစိန်လမ်းထိပ် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၅၄၃၆၅၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချယ်ရီကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခွန်စိုးလွင်နှင့် ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်တို့ လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

# ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉နာရီက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(နေပြည်တော်)အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သဘာပတိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကားပြောကြားပြီးနောက် ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာသန်းထွန်းအောင်က တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခေမာမြက ဝေးလံခက်ခဲဒေသ ကာကွယ်ဆေးထိုးလုပ်ငန်းများ အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းက တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုင်းတုံမြို့နယ် ဝမ်ပြန်ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်နေမှုကို ဇန်နဝါရီ ၁၂ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်နှင့် ခရိုင်ဦးစီးအရာရှိ ဦးခမ်လျှန်ဆုမ်းတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးအေးမောင်က စာကြည့်တိုက်ဆောက်လုပ်နေမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(ခရိုင် ပြန်/ဆက်)

ဘာစ်ပတ်စာ ရုပ်ရှင်အမြည်း

# မြန်မာဇာတ်ကား နယူးမော်ဒယ်လ်နှင့် နိုင်ငံခြားဇာတ်ကား NARNIA တို့ ဆက်လက်ပြသ

နေပြည်တော် ဇန်နဝါရီ ၂၁

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

**ယခုသီတင်းပတ် ဇန်နဝါရီ ၂၁ ရက် (သောကြာနေ့)တွင် သမ္မတ၊သွင်နှင့် မင်္ဂလာရုံတို့တွင် ပြီးခဲ့သည့် သီတင်းပတ်က ပြသခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကား နယူးမော်ဒယ်လ် ဆက်လက်ပြသအောင်ပွဲခံနေဆဲဖြစ်သည်။**

နယူးမော်ဒယ်လ် ဇာတ်ကားသည် သရုပ်ဆောင် အားကောင်းစွာဖြင့် ဟာသနှောပြီး ပီပြင်စွာ ရိုက်ကူးတင်ဆက်ထားသဖြင့် ပရိသတ်များ အကြိုက်တွေ့လျက်ရှိသည်။

**ဆွဲဆောင်နိုင်**

ယခုသီတင်းပတ်၌ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားအဖြစ် ရွှေဆောင်ရုံတွင် TEES MAAR KHAN အမည်ရှိ အိန္ဒိယရုပ်ရှင် ဇာတ်ကားပြသနေသည်။ ပီပြင်သော သရုပ်ဆောင်မှု၊ စိတ်ဝင်စားဖွယ်ကောင်းသော ဇာတ်လမ်းတို့ဖြင့် ပရိသတ်စိတ်အာရုံကိုနစ်မျောသွားအောင် ဆွဲဆောင်နိုင်သည့် ရုပ်ရှင် ဇာတ်ကားဖြစ်သည်။

ယခုသီတင်းပတ်၌ နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံတွင် NARNIA အမည်ရှိ ရုပ်ရှင်ဇာတ်ကား ဆက်လက်ပြသနေဆဲ ဖြစ်သည်။ စိတ်ဝင်စားဖွယ်၊ ရင်ခုန်ဖွယ်ကောင်းသော ဇာတ်လမ်းကို ပရိသတ် အကြိုက်တွေ့အောင် စီစဉ်ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်ပါကြောင်း ရုပ်ရှင်ကြည့် ပရိသတ်အား မကြည့်ခင် အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။

(မြန်မာ့အလင်း)

**နယူး မော်ဒယ်လ် ဇာတ်ကားမှ ရန်အောင်၊ နေတိုး၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ သင်ဇာ ဝင့်ကျော် တို့၏ သရုပ်ဆောင်မှု ဇာတ်ဝင် ခန်းများ ။**

# ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပမည်

*ရန်ကုန် ဇန်နဝါရီ ၂၁*

*မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှ အဖွဲ့ချုပ်နှင့် Myanmar Distribution Group Co., Ltd. တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို ဇန်နဝါရီ ၃၀ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် မောင်မြန်မာ(အကြီးတန်း)၊ မောင်မြန်မာ(အငယ်တန်း) နှင့် မယ်မြန်မာ(အလွတ်တန်း) ပြိုင်ပွဲများပါဝင်သည်။ မောင်မြန်မာ (အကြီးတန်း) ပြိုင်ပွဲအတွက် မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်ပြီး မောင်မြန်မာ (အငယ်တန်း) ပြိုင်ပွဲအတွက် အဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သော မောင်မြန်မာ (အကြီးတန်း) ပြိုင်ပွဲများ၊ အိုလံပစ်နေ့ အထိမ်းအမှတ် အကြီးတန်း မောင်ပြိုင်ပွဲများ၊ (ကြည်း၊ ရေ၊ လေ) မောင်အကြီးတန်း တံခွန်စိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိပြီးသူများ၊ မောင်မြန်မာ(အငယ်တန်း) ပြိုင်ပွဲတွင် ပထမရရှိခဲ့သူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်လိုသူများသည် ဇန်နဝါရီ ၂၈ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်သန်း၊ ဌာနမှူး ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည်၊ စခန်းတာဝန်ခံ မင်္ဂလာတောင်ညွန့်မြို့နယ်မြို့တော်စည်ပင် အားကစားစခန်းတို့ထံ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။*

***(သတင်းစဉ်)***

# ပြင်ဦးလွင်-မိုးကုတ်ကားလမ်းကို ကတ္တရာလမ်းအဆင့်ဆောင်ရွက်မှု

## ဆောက်လုပ်ရေး ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက ပြင်ဦးလွင်-မိုးကုတ်ကားလမ်းတစ်လျှောက် လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၃၆/၆)မှ (၄၄/၀)အထိ ရေရွှေဝါကုမ္ပဏီက ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကတ္တရာခင်းရာတွင် သတ်မှတ်ထားသည့် ၁၂ ပေ ပြည့်မီအောင်ရရှိရေး၊ လမ်းပခုံး ဘယ်ညာသုံးပေစီပြည့်မီရေး တိုင်းတာနေမှုတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။**

### ကြည့်ရှုစစ်ဆေး

ထို့နောက် လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် တောင်ကြောများ ဖြတ်ထုတ်ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်း၊ တောင်ပေါ်လမ်း ၃၄ ပေ အကျယ်ချဲ့ခြင်းလုပ်ငန်းများနှင့် မိုင်တိုင်အမှတ် (၅၃/၄)မှ (၆၀/၀)အထိ B.M.E ကုမ္ပဏီက စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ဆောင်ရွက်

ယင်းနောက် မိုင်တိုင်အမှတ် (၆၃/၄)နှင့်(၆၃/၅)ကြားတွင် တောင်ပေါ်လမ်း ၃၄ ပေ အကျယ်ချဲ့ထားမှု၊ မိုင်တိုင်အမှတ်(၆၈/၁)နှင့် (၆၈/၂) ကြားတွင် စက်ယန္တရားများဖြင့် တောင်ကြောများ ဖြတ်ခြင်းနှင့် မြေကြီးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ်(၇၀/၄)ရှိ လဲကြီးရွာအနီး နန့်ပန်ချောင်းတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

### အချိန်အဟုန်

ပြင်ဦးလွင်-မိုးကုတ် ကားလမ်းသစ်သည် အရှည် ၉၇မိုင် ၇ဖာလုံရှိပြီး လမ်းသားအကျယ် ၃၄ ပေ၊ ကတ္တရာလမ်း ၁၂ ပေ နှင့် လမ်းပခုံး ဘယ်/ညာ သုံးပေစီ အဆင့်အထိ ဖောက်လုပ် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အဖွဲ့တစ်ဖွဲ့၊ အထူးအဖွဲ့တစ်ဖွဲ့၊ ကုမ္ပဏီအဖွဲ့ ၁၀ ဖွဲ့ စုစုပေါင်း ၁၂ဖွဲ့ဖြင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် နေ့/ည မပြတ် အချိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကြည့်ရှုစစ်ဆေး**

**ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မိုင်းဖြတ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**မိုင်းဖြတ် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက်က အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်သည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း ပညာရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

### ကပြဖျော်ဖြေ

ဆက်လက်၍ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ကျောင်းသား ကျောင်းသူများက အကပဒေသာဖြင့် ကပြဖျော်ဖြေတင်ဆက်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ကျန်းမာပျော်ရွှင်မီးအိမ်ရှင် စာအုပ်ထုတ်ဝေဖြန့်ချိခြင်းအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၂ ရက်က တိုက်ကြီးမြို့နယ် တာခွသရက်ချောင်းလမ်းရှိ အေးချမ်းသာ ပရဟိတကျောင်းမှ မိဘမဲ့ကလေးများအတွက် အဝတ်အထည်၊အသုံးအဆောင်များနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။** (မြန်မာ့အလင်း)

# မီးဘေးရှောင် မလောင်ခင်တား

**ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ခနောက်စိမ်းတိုးချဲ့မြို့ရေပေးရေးလုပ်ငန်းအတွက် ရေစက်ရုံအတွင်း မော်တာ၊ ပန့်တပ်ဆင်ဆောင်ရွက်မှုကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဦးမြင့်ဦး ဇန်နဝါရီ ၁၀ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ကျေးလက်ဒေသ စာကြည့်တိုက်များသို့

## စာအုပ်စာစောင် လှူဒါန်း

**ဖျာပုံ ဇန်နဝါရီ ၂၁**

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်မှ ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျေးရွာရှိ ရောင်ခြည်သစ် စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်းသည့်အခမ်းအနားကို ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ရောင်ခြည်သစ် စာကြည့်တိုက်၌ ကျင်းပရာ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်(ဖိုးအောင်လေး)က ရောင်ခြည်သစ် စာကြည့်တိုက် ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်လွင်ထံသို့ စာနယ်ဇင်းမျိုးစုံ ၁၀၀၀ခန့်ကို ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

### စာနယ်ဇင်းမျိုးစုံ

ဖျာပုံမြို့နယ် ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်အနေဖြင့် ကျေးလက်ဒေသရှိ စာကြည့်တိုက်များသို့ စာအုပ်စာစောင်နှင့်စာနယ်ဇင်းများကို တစ်ဆင့်ပြန်လည်လှူဒါန်းသည့် အစီအစဉ်အရ ဒေးဒရဲမြို့ N.R.G စာဖတ်ခန်း၊ ကျုံမင်းကျေးရွာ လရိပ်ဗေဒါစာကြည့်တိုက်၊ ဖျာပုံမြို့နယ် တင်ပုလွဲကျေးရွာ ဥဏ်ရောင်စွမ်းရည်စာကြည့်တိုက်၊ အောက်ကွင်းကြီးစံပြကျေးရွာ စာကြည့်တိုက်များသို့လည်း စာနယ်ဇင်းမျိုးစုံ ၆၀၀၀ ကျော်ကို အလားတူ ပေးပို့လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

### လှူဒါန်းနိုင်

ဖျာပုံမြို့နယ် ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်သို့ စာအုပ် စာစောင်နှင့် စာနယ်ဇင်းများကိုလှူဒါန်းလိုပါက ဖျာပုံမြို့တွင် စာကြည့်တိုက် ဖုန်း-၀၄၅-၄၀၉၉၇ သို့ လည်းကောင်း၊ ရန်ကုန်မြို့တွင် ဦးဝင်းချို ရှုဝံစာအုပ်တိုက် ဖုန်း-၀၁-၃၈၅၅၉၇သို့လည်းကောင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၁၃၈)**

# MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၁-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၅၀ | **သစ္စာသိဖို့လှူဒါန်းတာပါ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ) |
| ၆:၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၄၃) |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၀) |
| ၈:၄၀ | ၂၀၀၉ ခုနှစ် အကယ်ဒမီ အကြိုရှင်ခုန်သံများ |
| ၉:၀၀ | Activities in the City (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်တာဝေးအပြေးပြိုင်ပွဲ |
| ၉:၁၀ | ကေသီပန်တိုင်းရှင်းဆေးဝါး စက်ရုံသစ်ဖွင့်လှစ်ခြင်း အခမ်းအနား |
| ၉:၂၀ | ထာဝစဉ်ထင်ကျန်နေမည့်ပုလဲရတု အခမ်းအနားတစ်ခု |
| ၉:၃၅ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀:၁၀ | အမ်ပီယာပြည့်ဝတောက်ပစေမည့် အလင်းရောင်တို့အားပေးစွမ်းနိုင်သော Toyo Battery |
| ၁၀:၂၀ | အရွယ်မရွေးလှပစေဖို့ |
| ၁၀:၄၅ | သွားမယ်စားမယ် (Main Restaurant) |
| ၁၁:၁၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ **နယူးမော်ဒယ်(လ်)ရုပ်ရှင် ဇာတ်ကားပရိမိုးရှင်းအခမ်းအနား** |
| ၁၁:၂၅ | ပန်းချီပြခန်း [၂၀၁၀/၂၀၁၁ ပညာသင်နှစ် စတုတ္ထအကြိမ်မြောက် အထက(၂)ကမာရွတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြပွဲ] |
| ၁၁:၄၀ | သူတို့ပြောတဲ့သူတို့အကြောင်း (သန္တာလှိုင်နှင့် တွေ့ဆုံခြင်း) |
| ၁၂:၀၅ | ခနေဖြူမြို့ရဲ့ အထကကျောင်း မြတ်ဆရာကန်တော့ပွဲ |
| ၁၂:၂၅ | The Champion of Dance |
| ၁:၀၀ | **သစ္စာသိဖို့လှူဒါန်းတာပါ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၂၀ | ရန်ကုန်မြင်ကွင်းကျယ် (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာညစာစားပွဲအခမ်းအနား) |
| ၂:၅၀ | ရတနာချစ်သူများအတွက်.... New Star |
| ၃:၀၀ | ၂၀၀၉ခုနှစ် အကယ်ဒမီ စင်မြင့်ထက်မှ ဖက်ရှင်များ |
| ၃:၂၅ | ဟိုတယ်လမ်းညွှန် (Hotel Ayeyarwady ဖွင့်ပွဲ) |
| ၃:၄၀ | 2011 MNL ပြိုင်ပွဲဝင် ရက္ခပူရ Utd F.C (ရခိုင်ပြည်နယ်ကိုယ်စားပြု) |
| ၃:၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၀) |
| ၄:၄၅ | (၁၉၇၁-၇၅ ခုနှစ် သချာတွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ) |
| ၅:၀၀ | Sports Diary |
| ၅:၃၅ | ရန်ကုန်မြင်ကွင်းကျယ် (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာညစာစားပွဲအခမ်းအနား) |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၇) |
| ၆:၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၄၄) |
| ၇:၂၀ | ဖက်ရှင်လမ်းညွှန် (Aroma ရဲ့ 2011 Wedding Dress) |
| ၇:၄၅ | ယုံကြည်ချက်များနဲ့အတူ |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | ၂၀၀၉ ခုနှစ်အကယ်ဒမီ အကြိုပြင်ဆင်နေမှုများ |
| ၈:၅၅ | Special Forecast |
| ၉:၂၅ | **Barclays Premier League (Arsenal Vs Wigan)** |
| ၁၁:၅၅ | **Barclays Premier League (Aston Villa Vs Man City)** |
| ၁:၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၁) |
| ၂:၃၅ | ရဲယိုနှင့်ကျန်းမာရေး |
| ၂:၄၀ | **အသက်လေးရယ်တဲ့ရှည်စေလို** ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး) |
| ၂:၅၅ | ပြည်နယ်ဂုဏ်ဆောင်ငွေတောင်ဆည် |
| ၃:၀၅ | တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသနသားဖောက်လုပ်ငန်း) |
| ၃:၂၅ | အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ |
| ၃:၄၀ | World of Knowledge (Chasing Earthquakes) |
| ၄:၃၀ | ထူးခြားဆန်းကျယ်သော တောအုပ်ကလေး |
| ၄:၅၀ | ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် |
| ၅:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇:၁၀ | Wolverhampton- Liverpool | ESPN(Live) |
| ၉:၂၅ | Man U-Birmingham | ESPN (Live) |
| | Arsenal-Wigan | STAR SPORTS (Live) |
| ၁၁:၅၅ | Aston Villa- Man City | ESPN (Live) |

## လက်ပံတန်း၌ ဆန်စပါးလုပ်ငန်းအသင်းဆိုင်းဘုတ်တင်

**လက်ပံတန်း ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) လက်ပံတန်းမြို့ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းရုံးရှေ့၌ ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အသင်းဆိုင်းဘုတ်တင်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးသန်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးစိုးငြိမ်း၊ မြို့နယ် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးကျော်မိုးခိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီးနောက် ခရိုင်မန်နေဂျာ၊ မြို့နယ်အသင်းဥက္ကဋ္ဌတို့နှင့်အတူ အသင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ဆန်စပါးအသင်း)**

## စွမ်းအင်ဝန်ကြီးဌာန သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ရှိ လေ့ကျင့်ပညာပေးရေးဌာန၌ကျင်းပသည့် Basic LPG Handling and Safety Training Course သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဝန်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ Universal Energy ကုမ္ပဏီနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့မှ သင်တန်းသား ၆၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ကြာမြင့်ခဲ့ကာ ရေနံဓာတ်ငွေ့ရည် LPG ထုတ်လုပ်ပုံနည်းစဉ်များ၊ LPG ၏ သဘောသဘာဝနှင့် ဂုဏ်သတ္တိများ၊ LPG ကြောင့် ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များ၊ ယင်းဘေးအန္တရာယ်မကျရောက်စေရန် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ မီးလောင်မှုဖြစ်ပွားပါက ငြိမ်းသတ်ရန်နည်းလမ်းများနှင့် အသုံးပြုရမည့် မီးသတ်ပစ္စည်းများအကြောင်း စသည့် သင်ခန်းစာများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ကျောက်တံတားမြို့နယ် မီးသတ်စခန်း ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့၏ အဓိကတာဝန်ကြီး (၅) ရပ်မှ မြန်မြန်သိ၊ မီးလောင်ပြင်သို့မြန်မြန်ရောက်၊ မြန်မြန်ငြိမ်းသတ်နိုင်ရေးအတွက် အစီအမံများ ပြုလုပ်ဆောင်ရွက်ထားကြရန်နှင့် မီးလောင်မှုကို မြန်မြန်သိနိုင်ရေးအတွက် မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေး တည်ဆောက်ထားရှိရန်၊ မီးလောင်ပြင်သို့ မြန်မြန် သွားရောက်နိုင်ရေးအတွက် သင့်(၄)သင့်ဖြစ်သော ယာဉ်/စက်အသင့်၊ လူအသင့်၊ ရေအသင့်၊ ဆီအသင့်ရှိနေရေးအတွက် ဆောင်ရွက်ထားကြရန်၊ မီးကို မြန်မြန်ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ပညာရပ်များ၊ မီးသတ်ယာဉ်/စက်နှင့် မီးသတ်ပစ္စည်းကိရိယာ အသုံးပြုနည်းများ ပိုမိုကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးအတွက် အမြဲလေ့ကျင့်ရန်၊ လေ့ကျင့်မှုများ ပြုလုပ်ရာတွင် အသားတကျဖြစ်အောင် အရန်မီးသတ် တပ်ဖွဲ့ဝင်များကိုပါ လေ့ကျင့်ပေးရန်၊ မီးသတ်ယာဉ်/စက် လေ့ကျင့်ခန်းများကို နေ့စဉ်/အပတ်စဉ် ဆောင်ရွက်ထားကြရန်၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရဲဝံ့စွန့်စားသည့်စိတ်ဓာတ်ကို အမြဲထိန်းသိမ်းထားရှိရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကုန်သည်/စက်မှုအသင်းချုပ်ကိုယ်စားလှယ်အဖွဲ့ စီးပွားရေးဖိုရမ်တက်ရန် ပြည်ပထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အလုပ်အမှုဆောင် ဦးမိုးကျော်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ဇန်နဝါရီ ၁၈ ရက် မှစတင်ကျင်းပမည့် (၉) ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (The 9th BCIM Regional Economic Cooperation Forum)သို့တက်ရောက်ရန် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ထို့အတူ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဗဟိုအမှုဆောင်ဦးထွန်းအောင်တို့သည် ဇန်နဝါရီ ၁၈ ရက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် အာဆီယံ-တရုတ် စီးပွားရေးဖိုရမ် (ASEAN, China Business Forum) နှင့် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့တွင် ဇန်နဝါရီ ၂၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် Spring Fair 2011 တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသမည့် Myanmar Product Show 2011 ပြပွဲသို့ တက်ရောက်ရန်အတွက် ယင်းနေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားပြီး အဆိုပါအဖွဲ့များအား ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင် ဦးတင်ကိုကိုနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဝဲပုံ)

(ကုန်သည်/စက်မှုအသင်းချုပ်)

**ဒီဇင်ဘာ ၂၄ ရက်က တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၌ အဋ္ဌမတန်း(က)မှ ခြောက်ဘာသာဂုဏ်ထူးဆုရရှိသူ မဆုမြတ်ဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးတင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)

**ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျားကုန်း-နန်းကုန်းကျေးလက် ကျောက်ချောလမ်းခင်းခြင်းကို ဇန်နဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။**
(မြို့နယ် ပြန်/ဆက်)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တောင်ကြီး၌ ဟောပြော

**တောင်ကြီး ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက အောင်ပန်းမြို့ သမဝါယမခန်းမနှင့် သရက်ပုကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ကလောမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးခိုင်၊ အောင်ပန်းရဲစခန်းမှူး ရဲအုပ်ဇော်ထွန်းနှင့် ရပ်မိရပ်ဖများ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်မြင့်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိရေးနှင့် ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်မတော်တဆဖြစ်ပွားခဲ့မှုများကို Projector ဖြင့် ရှင်းလင်းပြသ ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(၁၈၉)**

## မိုးစပါးအထွက်နှုန်းမှန်ကန်ရေး ကလေးမြို့နယ်၌ စပါးစံကွက်ရိတ်သိမ်း

**ကလေး ဇန်နဝါရီ ၂၁**

ကလေးမြို့နယ် သာစည်ကျေးရွာအုပ်စု ကွင်းအမှတ်(၈၉၄/၁)၊ ကွင်းအမည် (ကျောင်းတိုက်ကွင်း)၊ ဦးပိုင်အမှတ်(၆၅/၄) တောင်သူဦးလှရွှေ၏ ဧရာမင်းစပါးမျိုး စိုက်ပျိုးထားသော လယ်မြေ၌ ဒီဇင်ဘာ ၃၀ ရက်က မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးတင့်၊ ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ခရိုင်မြေစာရင်း ဦးစီးဌာနမှူး ဦးသန်းဝင်း၊ ခရိုင်ဆည်မြောင်းဦးစီးဌာနမှူး ဦးမြအေး၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်ညွန့်၊ ခရိုင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှူး ဦးတင်ဝင်း၊ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလင်းထင်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ကျော်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ် ဆည်မြောင်းဦးစီးဌာနမှူး ဦးငွေအောင်၊ မြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးမောင်မောင်၊ မြို့နယ် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှူး ဦးဇော်ဇော်လွင်နှင့် တောင်သူများ တက်ရောက်ကြသည်။

**ထွက်ရှိ**

အဆိုပါစံကွက်မှာ (သင့်) အဆင့် စံကွက်ဖြစ်ပြီး ဧရာမင်းစပါး နှစ်ဧက စိုက်ပျိုးထားရာ ခြောက်သွေ့ပြီး အထွက်နှုန်း တစ်ဧကပျမ်းမျှ ၇၅ ဒသမ ၅၁ တင်း ထွက်ရှိသည်။ ထို့နောက် တောင်သူ ဦးလှရွှေ၏ လယ်မြေတွင် ကောက်ညှင်းစပါးမျိုးကို ဆက်လက်၍ စံကွက်ရိတ်သိမ်းရာ (သင့်) အဆင့် အတန်းဖြစ်ပြီး တစ်ဧက ပျမ်းမျှ ခြောက်သွေ့ပြီး အထွက်နှုန်း ၄၄ ဒသမ ၈၂ တင်း ထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ Automobile & Autoparts Expo 2011 ပြပွဲတက်ရောက်

**ကြည့်ရှုအားပေး** ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ Automobile & Autoparts Expo 2011 ပြပွဲခန်းမအတွင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇန်နဝါရီ ၂၁**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် ကားပြပွဲကြီး Automobile & Autoparts Expo 2011 ပြပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ၊ Rammar Automobile Manufacturing & Trading Co., Ltd., The First Automotive Co., Ltd. နှင့် K Future Co., Ltd. တို့မှ တာဝန်ရှိသူများ၊ ပါဝင်ပြသကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ပြပွဲခန်းမအတွင်း လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၁-၂၀၁၁ (စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဉပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၃၀ ၈။ **ညှော်မယ်ဗျို့**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၀၀ ၅။ Yan Can Cook
- ၁၂:၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၉)
- ၁၃:၁၀ ၇။ မဟော်သဓာ (အပိုင်း-၁၆) အားသစ်၊ ဇေလုဝ၊ ဧရာ၊ ငှက်ပျောကြော်၊ ရှက်တယ်၊ ဇင်မျိုး၊ပပစိုးကြည်၊ဂွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
- ၁၃:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၃:၅၅ ၉။ **မျက်စိအမြင်ရှင်သန်ရေး ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်ပေး**
- ၁၄:၁၀ ၁၀။ သူရွေးသီချင်းတေးကဗျာ
- ၁၄:၃၀ ၁၁။ အတီးပြိုင်ပွဲ
- ၁၄:၅၀ ၁၂။ International News
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အဆိုပြိုင်ပွဲ
- ၄:၃၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (တီးကွက်ညွှန့်ပဒေသာ)
- ၅:၁၅ ၈။ International Science News
- ၅:၂၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **အလှရှာမယ်လှကမ္ဘာဝယ်**
- ၆:၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၁၆)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (အပိုင်း-၉၃)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝမိုးတိမ်** (အပိုင်း-၂၉)
- ၂၀။ **ဂီတတံခါးလေးဖွင့်ပါဦး**

## ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံဆရာဝန်များအသင်း(ဗဟို)၊ ဆီးနှင့်ကျောက်ကပ်ပညာရှင်အဖွဲ့မှကြီးမှူး၍ Zar & Zar Co.,Ltd. ၏ ပံ့ပိုးမှုဖြင့် ဆီးနှင့်ကျောက်ကပ်ဆေးပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးတိုးလွင် ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီးများမှ ပန်းသေ၊ ပန်းညှိုးရောဂါနှင့် ကျားသွေးဆုံးခြင်း၊ ကျားဟော်မုန်းလျော့နည်းခြင်းအကြောင်းတို့ကို ဇန်နဝါရီ ၂၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့တွင် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (ဆရာဝန်အသင်း)

## Automobile & Autoparts Expo 2011 ပြပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

K Future Co., Ltd. သည် Automobile & Autoparts Expo 2011 ပြပွဲဖွင့်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အဆိုပါပြပွဲကို Rammar Manufacturing & Trading Co., Ltd. ဥက္ကဋ္ဌ ဦးသန်းထွန်း၊ The First Automotive Co., Ltd. ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လတ်၊ K Future Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကောင်းကျော်ဆွေနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ပြပွဲတွင် ပြည်တွင်းမှ မော်တော်ယာဉ်အမျိုးမျိုး၊ ကားအလှိုင်းနှင့် တာယာအမျိုးမျိုး၊ ကားကျွတ်ခွေအမျိုးမျိုး၊ ကားအလှဆင်ပစ္စည်းအမျိုးမျိုး၊ GPS System နှင့် နည်းပညာအမျိုးမျိုး၊ ကားမှုတ်ဆေးအမျိုးမျိုး၊ ကားဘက်ထရီအမျိုးမျိုး၊ စက်သုံးဆီနှင့် ချောဆီအမျိုးမျိုး၊ CNG နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ကား Audio နှင့် အခြားဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ ပါဝင်ပြသလျက်ရှိသည့်အပြင် ရွှေပြည်သာ စက်မှုဇုန်တွင်ထုတ်လုပ်သော RAMMAR CHARIOT MICRO BUS များ၊ JOYOUS JOURNEY Express (JJ Express)၏ Higer ခရီးဝေးသွားယာဉ် ကြည်နူးပျော်ရွှင်ခရီးစဉ်များ၊ ပျဉ်းမပင်စက်မှုဇုန် The First Automotive Co.,Ltd. ၏ ISUZU ယာဉ်များနှင့် Treasure Palace International Trading Co., Ltd. (Zonda Group Limited) ၏ Zonda ကုန်းနှင့်ရေ နှစ်မျိုးသုံးနိုင်သော ယာဉ်နှင့် ယာဉ်အမျိုးမျိုး၊ ခရီးဝေးသွားယာဉ်အမျိုးမျိုးတို့ကို ပစ္စည်းတန်ဖိုးအရစ်ကျပေးချေမှုအစီအစဉ်များဖြင့် ခင်းကျင်းပြသရောင်းချမည်ဖြစ်သည့်အတွက် ပြပွဲကျင်းပနေသည့် ဇန်နဝါရီ ၂၄ရက်နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

Automobile & Autoparts Expo 2011 ပြပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

## စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စုရှိ ကြက်မွေးမြူရေးခြံတစ်ခြံ၌ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်းတွေ့ရှိရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွမ်းကျင်သူများသွားရောက်၍ တာဝန်ရှိသူများနှင့်ပူးပေါင်းပြီး ရောဂါမပြန့်ပွားရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု သဲချောင်းလက်သမားကျေးရွာရှိ ကြက်မွေးမြူရေးခြံတစ်ခြံ၌ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း တွေ့ရှိရသဖြင့် ရန်ကုန်မြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရောဂါစူးစမ်းရှာဖွေရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှ ကျွမ်းကျင်သူများသွားရောက်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ရောဂါမပြန့်ပွားရေးနှင့် ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အတွင်း သဲချောင်းလက်သမားကျေးရွာ၌ မွေးမြူထားသော ဥစားကြက်အချို့ သံသယဖြစ်ဖွယ်သေဆုံးကြောင်း သိရှိခဲ့သဖြင့် ရခိုင်ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၂ ရက်တွင် အဆိုပါကျေးရွာသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ထို့နောက် သေဆုံးကြက်များမှ ဓာတ်ခွဲနမူနာပစ္စည်းများကိုယူဆောင်၍ ရန်ကုန်မြို့ရှိ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးရာ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ (Highly Pathogenic Avian Influenze) ဖြစ်ကြောင်း တွေ့ရှိခဲ့သဖြင့် ရောဂါစူးစမ်းရှာဖွေရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှ တာဝန်ရှိသူများသွားရောက်၍ စစ်တွေခရိုင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့်ပူးပေါင်းကာ ရောဂါဖြစ်ပွားသည့် ကြက်ခြံမှ တစ်ကီလိုမီတာပတ်လည်ရှိ ကြက်ခြံများနှင့် နေအိမ်များ၌ မွေးမြူထားသော ဒေသကြက်၊ ဘဲ၊ ငှက်များအား သုတ်သင်ရှင်းလင်းပြီး မြေအနက် ခုနစ်ပေတွင်းတူးကာ မြေမြှုပ်မီးရှို့ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါတွေ့ရှိသည့်ကျေးရွာ၏ သုံးကီလိုမီတာပတ်ဝန်းကျင်ရှိ ကျေးရွာများ၌ ကြက်၊ ဘဲ၊ ငှက်များနှင့် ကြက်ငှက်ထွက်ပစ္စည်းများ သယ်ယူရောင်းချမှုကို ရက်သတ္တသုံးပတ်ပိတ်ပင်တားဆီးထားကြောင်း၊ ရောဂါတွေ့ရှိသည့် ကြက်ခြံမှ မိသားစုနှင့် အလုပ်သမားခြောက်ဦးအား ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရမှု ရှိ/မရှိ စမ်းသပ်စစ်ဆေးလျက်ရှိပြီး ယင်းကြက်ခြံအား ကန့်သတ်ဇရိယာအဖြစ်သတ်မှတ်ထားကြောင်း၊ ကြက်ခြံမှအသုံးပြုသောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကိုလည်း ပိုးသတ်ဆေးဖျန်းခြင်း၊ မြေမြှုပ် မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများက လောင်ချာဖြင့်ပစ်ခတ် မော်တော်ယာဉ်တစ်စီးထိမှန်ပြီး ခရီးသည်သုံးဦးဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

KNU အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံအသုံးပြုလုပ်ဆောင်လျက်ရှိရာ KNU အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့တစ်ဖွဲ့သည် ဇန်နဝါရီ ၁၉ရက် နံနက် ၁၀နာရီခွဲခန့်တွင် ကြာအင်းဆိပ်ကြီးမြို့မှ ထွက်ခွာလာသော ကြာအင်းဆိပ်ကြီး-မုဒုံပြေးဆွဲသည့် ဆင်ဖြူတော်ယာဉ်လိုင်းမှ ဟိုင်းလတ်မော်တော်ယာဉ်တစ်စီးအား ၄၀ မမ လောင်ချာဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ခရီးသည်အမျိုးသားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

**လိုက်လံရှင်းလင်း**

ဒဏ်ရာရလူနာများအား ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွ တိုက်နယ်ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါ KNU အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အား မိမိတို့တပ်မတော်က လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ**

◆ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံတွင် ပထမဆုံး ရွာလုံးကျွတ် နေစွမ်းအင်သုံးစွဲကာ မီးလင်းနေပြီဖြစ်သည့် ရွာသာယာကျေးရွာသို့ သတင်းအဖွဲ့ လေ့လာရန်

"ကျွန်တော်တို့ရွာအတွက် အိပ်မက်ပါပဲဗျာ"
ဦးစိန်မော်။

ခရီးထွက်ခဲ့သည်။ မြင်းခြံခရိုင် မြင်းခြံမြို့နယ်အရှေ့ဘက် ၁၂မိုင်ခန့် အကွာရှိ ရွာသာယာကျေးရွာကား စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် ရွာဖြစ်သည်။ ရွာပတ်ဝန်းကျင်တွင် စိမ်းစိုသော စိုက်ခင်းများကို တွေ့မြင်ရသည်။

## ထိန်ထိန်လင်း

ရွာအဝင်သို့ ရောက်ရှိချိန်သည် ညနေ ၆ နာရီခွဲစ အချိန်ဖြစ်ရာ

ရွာသာယာကျေးရွာရှိ အိမ်တစ်အိမ်တွင် နေစွမ်းအင် အသုံးပြုပြီး ရုပ်မြင်သံကြားကြည့်ရှုနေကြသည့် မိသားစုဝင်များနှင့် စာကျက်နေသည့် ကျောင်းသားငယ်တစ်ဦး၏ မြင်ကွင်းကလည်း ကြည်နူးပီတိဖြစ်စရာ မြင်ကွင်းပင်။

ရွာလယ်လမ်းမတစ်လျှောက် နေစွမ်းအင်သုံးမီးတိုင်များမှ လင်းထိန်ဖြာကျနေသော အလင်းရောင်များကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်။ ပီတိဖြစ်စရာ၊ ဝမ်းသာစရာကောင်းသည့် မြင်ကွင်းပင်။ ထိန်ထိန်လင်းနေသော ရွာလယ်လမ်းတစ်လျှောက် ဝင်ရောက်လာရင်း လမ်းဘေးဝဲယာရှိ နေအိမ်များကိုကြည့်လိုက်ရာ နေစွမ်းအင်သုံးမီးလုံးများဖြင့် လင်းထိန်ပြီး ကျက်သရေရှိစွာ မြင်တွေ့ရသည်။ ဆိုလာစွမ်းအင်သုံး မီးအလင်းရောင်ဖြင့် စာကြည့်နေသည့် ကလေးငယ်များ၊ ဆိုလာစွမ်းအင်ဖြင့် ရုပ်မြင်သံကြား ကြည့်ရှုရင်း တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုကို ဖြေဖျောက်နေကြသူများ၊ အိမ်မှုကိစ္စဆောင်ရွက်နေကြသူများကို မြင်တွေ့ရသည်။

ရွာသာယာကျေးရွာတွင် နေစွမ်းအင်သုံး ဓာတ်အားပေးစနစ် တပ်ဆင်မှုကို ၂၀၁၀ခုနှစ် စက်တင်ဘာ၌ စတင်ခဲ့ပြီး ၂၀၁၀ခုနှစ် အောက်တိုဘာ နောက်ဆုံးသီတင်းပတ်ကုန်၌ တပ်ဆင်မှုအားလုံး ပြီးခဲ့ရာမှ နေစွမ်းအင်ဖြင့် တစ်ရွာလုံး မီးလင်းနိုင်ခဲ့ခြင်းဖြစ်သည်။

## အသုံးပြုတပ်ဆင်

"ဒီရွာသာယာကျေးရွာရဲ့ အဓိကလမ်းလေးလမ်းမှာ ဆိုလာမီးတိုင် ၁၅ တိုင် စိုက်ထူပေးထားပါတယ်။ နေအိမ်တိုင်းအတွက် အိမ်ခေါင်မိုးတွေနဲ့ မိမိအိမ်ရဲ့နေရောင် အကောင်းဆုံးရရှိနိုင်တဲ့နေရာတွေမှာ ဆိုလာပြားတွေ တပ်ဆင်ပေးထားပါတယ်။ မီးတိုင်တစ်တိုင်မှာ ၈၅ ဝပ်အား ဆိုလာပြားတစ်ချပ် တပ်ဆင်ပေးထားသလို နေအိမ်တွေမှာ ၄၀ ဝပ်အား ဆိုလာပြားတွေ တပ်ဆင်ပေးထားပါတယ်။ နေအိမ် တစ်အိမ်ချင်းစီမှာ 5 Watt အား မီးချောင်းကွေးခြောက်လုံးစီ အသုံးပြုတပ်ဆင်ပေးထားသလို မီးတိုင်တစ်တိုင်ချင်းစီမှာ High Power LED ၂၅ ဝပ်အား မီးသီးတစ်လုံးစီ တပ်ဆင်ပေးထားပါတယ်"ဟု ရွာသာယာကျေးရွာတစ်ရွာလုံး နေစွမ်းအင်သုံး မီးလင်းရေးအတွက် တပ်ဆင်ပေးခဲ့သည့် ERES ကုမ္ပဏီမှ အင်ဂျင်နီယာပိုင်းဆိုင်ရာ မန်နေဂျာ ဦးအောင်ကျော်သူက သတင်းအဖွဲ့အား ရှင်းပြသည်။

## သုံးစွဲနိုင်

ရွာသာယာကျေးရွာရှိ နေအိမ်တိုင်းတွင် နေစွမ်းအင်ရရှိရန် ဆိုလာပြား တစ်ပြား၊ ဆိုလာစွမ်းအင် ထိန်းချုပ်အားသွင်းစနစ်၊ DC မှ AC သို့ ပြောင်းသည့်စနစ်၊ 12 V 70 AH ဘက်ထရီတစ်လုံး၊ 5 Watt မီးချောင်းကွေးခြောက်လုံး၊ ဝိုင်ယာကြိုးနှင့် ဆက်စပ်ပစ္စည်းများပါဝင်သည့် ဆိုလာစွမ်းအင်သုံး ပစ္စည်းတစ်စုံစီ တပ်ဆင်ပေးထားသည်ကို တွေ့ရသည်။ နေအိမ်တစ်လုံးစီတွင် တစ်နေ့ ငါးနာရီ နေရောင်ခြည်ရရှိလျှင် မီးသီးခြောက်လုံးကို တစ်ပြိုင်တည်းဖွင့်ပြီး ရှစ်နာရီကြာမျှ မီးအလင်းရောင် လင်းထိန်စွာပေးနိုင်ကြောင်း သိရသည်။ သို့သော် အိမ်တစ်အိမ်တွင် မီးတစ်လုံးတည်း သုံးထားသည်နှင့်ပင် ထိန်ထိန်လင်းလျက်ရှိ

"တစ်ရွာလုံး ပျော်နေကြတာပေါ့"
ဒေါ်ခင်အုန်း။

ရာ ညလုံးပေါက် မီးအလင်းရောင် သုံးစွဲနိုင်လေသည်။

ရုပ်မြင်သံကြား၊ ကက်ဆက်နှင့် ရေဒီယိုများကိုလည်း နေအိမ်တိုင်းတွင် ဆိုလာစွမ်းအင် အသုံးပြုပြီး ကြည့်ရှု နားဆင်နိုင်ကြပြီဖြစ်ရာ ရွာသာယာကျေးရွာ တစ်ရွာလုံး၏ လူနေမှုဘဝ အဆင့်မြင့်မားလျက်ရှိနေသည်ကို မြင်တွေ့ရသဖြင့် အံ့သြဝမ်းသာ ပီတိဖြာခဲ့ရသည်။ အိမ်တိုင်း မီးလင်းပြီး ရုပ်မြင်သံကြားကြည့်ရှုနေကြသူများ၊ ရွာလယ်လမ်းမများပေါ်တွင် နေစွမ်းအင်သုံး မီးအလင်းရောင်ဖြင့် လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားနေကြသည့် ကလေးငယ်များ၊ စာကျက်နေကြသည့် ကျောင်းသူ ကျောင်းသားလေးများ၏ တက်ကြွစိတ်ပါစွာ ရွတ်ဆိုနေသည့် စာကျက်သံများနှင့်အတူ နေစွမ်းအင်ဖြင့် မီးအရောင် လင်းထိန်ကာ ငြိမ်းချမ်းနေသော ရွာဦးဘုန်းတော်ကြီးကျောင်းလေး ကျောင်းအသွင်အပြင်နှင့် ပေါင်းစည်းလိုက်လျှင် ရွာသာယာကျေးရွာ၏ ဂုဏ်သရေမှာ အဆင့်အတန်းမြင့်မားစွာ ဖြစ်ထွန်းခဲ့ပြီဖြစ်သည်။

## ဝမ်းပန်းတသာ

"ကျွန်တော်တို့ ရွာအတွက် တကယ့်ကို အိပ်မက်ပါပဲ။ ဒီလို နေစွမ်းအင်နဲ့ မီးလင်းလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး။ အခုတော့ဗျာ… ကျွန်တော်တို့ အိမ်မှာရော တစ်ရွာလုံးပါမကျန်၊ လမ်းတွေတောင် မီးတွေလင်းလို့ ဘယ်လောက်ကောင်းလိုက်သလဲ။ ဒီလိုဖြစ်အောင် ဆောင်ရွက်ပေးကြတဲ့ ပုဂ္ဂိုလ်တွေကို နေ့တိုင်း ကျေးဇူးတင်နေပါတယ်"ဟု ရွာသာယာရွာတွင် နှစ်ပေါင်း ၅၀ကျော်ကြာ နေထိုင်လာခဲ့သည့် အသက် ၇၃နှစ်အရွယ် တောင်သူ ဦးစိန်မော်က သတင်းအဖွဲ့သို့ ဝမ်းပန်းတသာ ပြောပြသည်ကိုလည်း ကြားခဲ့ရသည်။ ယခင်က ဖယောင်းတိုင်၊ ရေနံဆီမီးအိမ်များဖြင့် အလင်းရောင် အားနည်းစွာ နေထိုင်ဖြတ်သန်းခဲ့ရသော ညကာလများနှင့် လွန်စွာကွာခြားခဲ့လေပြီ။ ခလုတ်တစ်ချက် နှိပ်လိုက်ရုံဖြင့် တောက်ပဝင်းထိန်သော မီးအလင်းရောင်က တစ်အိမ်လုံး ဖြာကျစေခဲ့ပြီ မဟုတ်ပါလော။

## တစ်ရွာလုံးပျော်နေကြ

တစ်ဖန် ရွာသာယာကျေးရွာ မြောက်ပိုင်းတွင် နေထိုင်သူ အသက် ၇၄နှစ်အရွယ် အဘွား ဒေါ်ခင်အုန်း ကလည်း "အဘွားက ဒီရွာမှာမွေးပြီး ဒီရွာမှာပဲ တစ်သက်လုံး နေထိုင်ခဲ့တာပါ။ အရင်တုန်းကဆိုရင် ညဘက်မှာ မီးခွက်၊ မီးအိမ်တွေနဲ့ နေခဲ့ရပြီး အိမ်ရှေ့ရွာ လမ်းပေါ်တောင် အဆိပ်ရှိသတ္တဝါတွေ ရန်ကြောက်လို့ ညပိုင်းမှာ ရဲရဲမထွက်ခဲ့ရပါဘူး၊ အခုဆိုရင် ဆိုလာမီး အလင်းရောင်နဲ့ စိတ်တိုင်းကျ သွားလာလို့ရနေပါပြီ။ အိမ်တိုင်းလည်း မီးလင်းလို့ ဝမ်းသာစရာကောင်းလိုက်တာ၊ တစ်ရွာလုံးကို ပျော်နေကြတာပေါ့" ဟု ဝမ်းသာအားရဖြင့် သတင်းအဖွဲ့အား ပြောပြသည်မှာ မျက်ရည်များပင် ရစ်ဝဲ၍ နေသည်။

ရွာသာယာကျေးရွာတောင်ပိုင်းရှိ နေအိမ်တစ်အိမ်တွင် နေစွမ်းအင်သုံး မီးအလင်းရောင်များဖြင့် အဆင့်အတန်းမြင့်စွာ ဤသို့ မြင်တွေ့ရသည်မှာ….။

## ပီတိဖြစ်ဖွယ်

ထို့နောက် ကျောင်းသားလေးများ ဖြစ်ကြသည့် အသက် ၁၃ နှစ်အရွယ် သတ္တမတန်း ကျောင်းသားနှစ်ဦးဖြစ်သော မောင်ညီညီထွန်းနှင့် မောင်ဝင်းနောင်တို့ကလည်း

"ဆိုလာမီးနဲ့ စိတ်တိုင်းကျ စာကျက်လို့ ရနေပါပြီ"
မောင်ညီညီထွန်း၊
မောင်ဝင်းနောင်။

"သားတို့တော့ ညတိုင်း ဆိုလာမီးနဲ့ စိတ်တိုင်းကျ စာကျက်လို့ရနေပြီမို့ အရင်လို ညီမလေးနဲ့ မီးခွက်လုပြီး စာကျက်စရာ မလိုတော့ပါဘူး၊ ကျောင်းသင်ခန်းစာတွေ ကောင်းကောင်း လေ့လာနိုင်နေပါပြီ။ ရုပ်မြင်သံကြားလည်း ကြည့်လို့ရတော့ အလွန်ပျော်စရာကောင်းပါတယ်။ သားတို့ရွာကို အခုလို မီးအလင်းရောင်ရအောင် ဆောင်ရွက်ပေးတဲ့ ဘဘတို့ကို ကျေးဇူး အထူးတင်နေရပါတယ်"ဟု ဝမ်းသာပျော်ရွှင်စွာ ပြောပြသည်ကိုလည်း သတင်းအဖွဲ့ ပီတိဖြစ်ဖွယ် ကြားသိခဲ့ရသည်။

## မီးတိုင်များစိုက်ထူ

ရွာသာယာကျေးရွာရှိ ဆိုလာစွမ်းအင်သုံး မီးတိုင်များမှာ အမြင့် ၁၈ပေရှိပြီး စတီးတိုင်များဖြစ်သည်။ မီးတိုင်တစ်တိုင်၏ မီးလင်းအားမှာ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ အကျယ်အဝန်းအထိ မီးထိန်ထိန်လင်းလျက်ရှိသည်။ ဓာတ်အားထိန်းသိမ်းမှုအဖြစ် အလိုအလျောက် အဖွင့်အပိတ် ယူနစ်တစ်ခု တပ်ဆင်ထားသည်ကို တွေ့ရသည်။ မီးတိုင်တစ်တိုင်စီတွင် 12V 100 AH ဘက်ထရီတစ်လုံးစီ တပ်ဆင်ပေးထားသည်။ ရွာလမ်းများ၏ အနေအထားအရ မီးတိုင်များကို စိုက်ထူပေးထားသည်ကို မြင်တွေ့ခဲ့ရသည်။ လမ်းမီးတိုင်များတွင် တပ်ဆင်ထားသော မီးလုံးများမှာ တစ်ရက်လျှင် ၁၀နာရီ အသုံးပြုလျှင် ၁၀နှစ်ခန့်ကြာအောင် အသုံးပြုနိုင်ကြောင်း သိရသည်။

## ရရှိခံစားနိုင်

အိမ်တိုင်းတွင် ဆိုလာစွမ်းအင်ဖြင့် မီးအလင်းရောင် ရရှိခံစားနိုင်ပြီဖြစ်သော်လည်း ဆိုလာစွမ်းအင်သုံးခြင်းကြောင့် နေ့စဉ် အလုပ်မရှုပ်ချေ။ မည်သည့်ဆောင်ရွက်မှုမျှ လုပ်ကိုင်ပေးစရာလည်း မလိုပေ။ နေရောင်ခံဆိုလာပြားကို ဖုန်မှုန့်များ ထူထပ်စွာ မကပ်ငြိစေရန် သီတင်းတစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် တစ်လလျှင် နှစ်ကြိမ်ခန့်သာ ဖုန်သုတ်ပေးရန်သာလိုသည်။ ဖုန်မကပ်ပါက သုတ်ပေးစရာပင် မလိုချေ။ ဖုန်ထူထပ်စွာကပ်နေပါက နေရောင်စွမ်းအင်ကို အပြည့်အဝ မစုပ်နိုင်မည်စိုးသောကြောင့်ပင် ဖြစ်သည်။ မည်မျှ အလုပ်သက်သာလိုက်သနည်း။ သို့သော် စနစ်တကျ ထိန်းသိမ်းသုံးစွဲသင့်တာတော့ အမှန်ပင်။

## စရိတ်သက်သာ

နေစွမ်းအင် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို အမှတ်(၂) စက်မှုဝန်ကြီးဌာနက ရန်ကုန်မြို့ တောင်ဒဂုံ စက်မှုဇုန်တွင် စက်ရုံတည်ဆောက်ပြီး ထုတ်လုပ်တော့မည်ဖြစ်သည်။ ဝမ်းသာစရာပင်။ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှု မဖြစ်စေသည့်အပြင် ရေရှည်၌ ကုန်ကျစရိတ်သက်သာသည့် ဆိုလာစွမ်းအင်သုံးစွဲမှု နိုင်ငံတစ်ဝန်းတွင်ကျယ်လာချိန်နှင့် အချိန်ကိုက်ပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ရွာလုံးကျွတ် နေစွမ်းအင် အသုံးပြုမီးလင်းနေပြီဖြစ်သော ရွာသာယာကျေးရွာကား တစ်နိုင်ငံလုံးအတွက် ဂုဏ်ယူစရာ၊ စံပြဖြစ်စရာအပြင် ဝမ်းသာပီတိဖြစ်စရာ ကောင်းလှသည့် ကျေးရွာဖြစ်သလို တစ်ရွာလုံးကလည်း နှစ်ထောင်းအားရ ပျော်ရွှင်ကြည်နူးလျက်ရှိနေပါကြောင်း။ ။

**(မြန်မာ့အလင်း)**

ရွာသာယာကျေးရွာ၏ ရွာလယ်လမ်းမတွင် စိုက်ထူထားသော နေစွမ်းအင်သုံး မီးတိုင်တစ်တိုင်မှ မီးအလင်းရောင်များ ထိန်ထိန်လင်းစွာ ဖြာကျနေသည်ကို ဤသို့ တွေ့ရသည်။

---

✻ *ကျောဖုံးမှ*

ရှာဖွေတွေ့ရှိခဲ့ကြသည်။ ယင်းတွားသွားသတ္တဝါ၏ ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိခဲ့ကြခြင်းသည် ရှေးခေတ်တရုတ်နိုင်ငံတွင် ကျင်လည်ကျက်စားခဲ့သော ရှေးကျသောသတ္တဝါမျိုးစိတ်များကို ခန့်မှန်းတွက်ချက်ရာတွင် အထောက်အကူပြုနိုင်သည့် အဓိကကျသော ရှာဖွေတွေ့ရှိမှုတစ်ရပ်ပင်ဖြစ်သည်။

ထို့အပြင် ရှေးနှစ်ပေါင်းများစွာက ဤဒေသတွင် ကျင်လည်ကျက်စားခဲ့သော တွားသွားသတ္တဝါအမတို့၏ အလေ့အထနှင့် မျိုးပွားမှုဆိုင်ရာ အချက်အလက်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

**(အင်တာနက်)**

---

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် လေးဘာသာဂုဏ်ထူးရရှိသော မတီလ်လဲင်မွေးအား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ထားဝင်း ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (ပညာရေး)

---

# ကွမ်းလုံမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကွမ်းလုံ ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင်ဥက္ကဋ္ဌ ဦးကျော်သက်၊ အတွင်းရေးမှူး ဦးမောင်အောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုး၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးကျော်မြင့်နှင့် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်အောင်တို့သည် ဒီဇင်ဘာ ၂၇ရက်က ကွမ်းလုံမြို့နယ် ပန်ဆန်းကျေးရွာအုပ်စု ကွင်းအမှတ်(၂) ဦးပိုင်အမှတ်(၆)ရှိ တောင်သူ ဦးရှောက်စောက်၏ လယ်မြေတွင် အထူးအထွက်တိုးစပါး ၄ ဒသမ ၃၈ ဧကစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

**(ခရိုင် ပြန်/ဆက်)**

# ရုပ်ရှင်အကယ်ဒမီဆု ဒီနှစ် ဘယ်သူတွေရနိုင်မလဲ

**သရုပ်ဆောင် မေသန်းနု၊ လူမင်း၊ ဟိန်းဝေယံတို့နှင့် လျှပ်တစ်ပြက်အင်တာဗျူး**

တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး၊ တင်ဝင်းလေး (ကြည့်မြင်တိုင်)၊ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော် (စမ်းချောင်း)၊ ရွှေညာခိုင်စိုး

*(ယမန်နေ့မှအဆက်)*

ရန်ကုန် ဇန်နဝါရီ ၂၁

**အများမျှော်လင့်စောင့်စားနေတဲ့ ၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ရက် ညနေခင်းမှာ စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။**

ဒီနှစ် အကယ်ဒမီဆုပေးပွဲရဲ့ ထူးခြားချက်တစ်ခုကတော့ ဟာသကားတွေများနေခြင်းပါပဲ။

၂၀၀၉ ခုနှစ်အတွင်း ရိုက်ကူးပြသခဲ့သော ရုပ်ရှင်ဇာတ်ကားပေါင်း ၁၆ကားရှိပြီး ၁၀ကားလောက်ကတော့ ဟာသကားတွေဖြစ်တယ်လို့ သိရပါတယ်။ အချို့ကတော့ အကယ်ဒမီဆုကို ဒရာမာကားတွေ ရနိုင်တယ်လို့ မျှော်မှန်းထားကြပါတယ်။

ဒီထဲမှာမှ ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးတဲ့ **ကြိုးကြာတောင်ပံခတ်သံ**၊ ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးတဲ့ **မိုးညအိပ်မက်မြူ** နဲ့ ဒါရိုက်တာဝိုင်း ရိုက်ကူးတဲ့ **ကျောက်စက်ရေ** ဇာတ်ကားတွေကတော့ လူပြောများနေတဲ့ ကားတွေလို့ သိရပါတယ်။ ဒီနှစ်မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ဘယ်အနုပညာရှင်၊ ဘယ်သရုပ်ဆောင်တွေ ဆွတ်ခူးရရှိမလဲဆိုတာနဲ့ ပတ်သက်ပြီး ယခုအခါ ရုပ်ရှင်ချစ်ပရိသတ်ကြီး စိတ်ဝင်တစားရှိနေကြပြီဖြစ်တယ်။

ဒါကြောင့်မို့ မြန်မာ့အလင်းသတင်းအဖွဲ့က အကယ်ဒမီဆုနဲ့ပတ် သက်ပြီး ရုပ်ရှင်ချစ် ပရိသတ်ကြီးထံသို့ ရင်ခုန်ခံစားတင်ပြနိုင်ဖို့ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်မှာ ကျင်းပတဲ့ သရုပ်ဆောင်ပြေတီဦးနဲ့

**"အားလုံးကပြောနေတာကတော့ နေတိုးရမယ်လို့ ပြောနေကြပါတယ်"**

အကယ်ဒမီလူမင်း။

အိန္ဒြာကျော်ဇင်တို့ရဲ့ မင်္ဂလာဆည့်ခံပွဲ အခမ်းအနားကို တက်ရောက်လာတဲ့ နာမည်ကြီး သရုပ်ဆောင်လူမင်းနဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

## အကယ်ဒမီလူမင်း

**မေး - ၂၀၀၉ ခုနှစ် အကယ်ဒမီ ရင်ခုန်သံနဲ့ ပတ်သက်ပြီး ကြားသိရသမျှနဲ့ ထင်မြင်ချက်လေး ပြောပြပေးပါဦး။**

ဖြေ - အားလုံးတညီတညွတ်တည်း ပြောနေကြတာကတော့ နေတိုးပေါ့။ ဒီ၂၀၀၉ခုနှစ်ထဲမှာပဲ နေတိုးက ကားအများဆုံးရိုက်ကူးခဲ့ပါတယ်။ပြီးတော့ဒရာမာကားလည်းများတော့ ပိုပြီးမျှော်လင့်ချက်ရှိတာပေါ့။

**မေး - အမျိုးသမီး သရုပ်ဆောင်ထဲက ဘယ်သူများကြားသေးပါသလဲ။**

ဖြေ - အမျိုးသမီး သရုပ်ဆောင်ထဲကတော့ မကြားဘူး။

**မေး - ဒါရိုက်တာထဲကကော ဘယ်သူတွေလို့ ပြောနေကြပါသလဲခင်ဗျာ။**

ဖြေ - ဒါရိုက်တာထဲကတော့ **မိုးညအိပ်မက်မြူ** ဇာတ်ကားရိုက်ကူးတဲ့ ဒါရိုက်တာ ကြည်ဖြူသျှင်နဲ့ **ကြိုးကြာတောင်ပံခတ်သံ** ဇာတ်ကားရိုက်ကူးတဲ့ ဒါရိုက်တာ စင်ရော်မောင်မောင်လို့ ကြားပါတယ်။

**မေး - ဒါနဲ့ ကိုလူမင်း ၂၀၀၉ခုနှစ်ထဲမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကားရှိပါသလားခင်ဗျာ။**

ဖြေ - ရှိပါတယ်။ **ဝါဆိုဖယောင်းတိုင်**လို့ အမည်ရတဲ့ကားမှာ ပါဝင် သရုပ်ဆောင်ထားပါတယ်။

**မေး - ကိုလူမင်း အကယ်ဒမီရခဲ့တဲ့ ဇာတ်ကားလေးတွေ ပြောပြပေးပါဦး။**

ဖြေ - **ရွှေမှုန်ကြဲတဲ့မိုးကောင်းကင်**မှာ မင်းသားသရုပ်ဆောင်ဆုစရပါတယ်။ ဒီနောက်မှာတော့ **ကျန်စစ်မင်း**ဇာတ်ကားနဲ့သရုပ်ဆောင်ဆုရခဲ့ပါတယ်။ ဒီကျန်စစ်မင်းကားနဲ့ပဲ ဇာတ်ကားဆုရခဲ့တာဖြစ်လို့ အကယ်ဒမီသုံးဆုရပြီလို့ ပြောလို့ရပါတယ်။

ဒီမင်္ဂလာ အခမ်းအနားမှာပဲ နာမည်ကြီး သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ မဆင့်(ခေါ်)မေသန်းနုနဲ့လည်း အကယ်ဒမီအကြောင်း တစေ့တစောင်းမေးဖြစ်ခဲ့ပါသေးတယ်။

## အကယ်ဒမီမေသန်းနု

**မေး - ၂၀၀၉ ခုနှစ်ထဲမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ကားတွေရှိရင် ပြောပြပေးပါဦး။**

ဖြေ - ၂၀၀၉ ခုနှစ်မှာတော့ **အချစ်ဟု အဓိပ္ပာယ်သက်ရောက်ခြင်းမရှိစေရ** ဆိုတဲ့ ဇာတ်ကားနဲ့ **ကျောက်စက်ရေ** ကားတွေမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။

**မေး - ဒါနဲ့ ဒီနှစ်ထဲမှာ အကယ်ဒမီ ဘယ်သူတွေရမယ်လို့ ကြားလဲ။ မဆင့်ကြားသိသမျှလေး ပြောပြပေးပါဦး။**



ဖြေ - မင်းသားထဲကတော့ နေတိုးနဲ့ မြင့်မြတ်လို့ ကြားတယ်။ မင်းသမီးထဲကတော့ အိန္ဒြာကျော်ဇင် (အူဝဲ)နဲ့ စိုးပြည့်သဇင်လို့ ကြားတယ်ဟု မြန်မာ့အလင်းသို့ ပြောကြားပါတယ်။

အကယ်ဒမီဆိုတာ ရုပ်ရှင်အနုပညာရှင်တွေအတွက် တန်ဖိုးကြီးမားတဲ့ အနုပညာမှတ်တိုင်ဖြစ်ပါတယ်။ အကယ်ဒမီဆု ရရှိပြီးသူတွေလည်း

**"မင်းသားထဲကတော့ နေတိုးနဲ့ မြင့်မြတ်လို့ ကြားတယ်"**

အကယ်ဒမီမေသန်းနု။

ထပ်ဆင့်လိုချင်ကြသလို မရရှိသေးတဲ့ သရုပ်ဆောင်တွေလည်း လက်ဝယ်ပိုင်ပိုင်ကိုင်မြှောက် အောင်ပွဲခံယူချင်ကြတာမို့ ၂၀၀၉ ခုနှစ်အတွက်ကတော့ ရင်ခုန်သံမြန်ရမယ့် နှစ်တစ်နှစ်ဖြစ်မှာ သေချာလှပါတယ်။ အဲဒီနောက်မှာတော့၂၀၀၉ ခုနှစ်စာရင်းဝင် ဇာတ်ကားတစ်ကားဖြစ်သော **ချစ်ကံပွင့်နှင့်မချောလေးဆယ်** ဇာတ်ကားကြီးမှာ အကောင်းဆုံးသရုပ်ဆောင်ထားတဲ့ မင်းသားလေး ဟိန်းဝေယံနဲ့ စကားပြောဖြစ်ခဲ့ပါတယ်။

## သရုပ်ဆောင် ဟိန်းဝေယံ

**မေး - သားငယ် ဆုပေးပွဲတက်ဖို့ ပြင်ဆင်ပြီးပြီလား။**

ဖြေ - ဟုတ်ကဲ့ ပြင်ဆင်ပြီးပါပြီ။

**မေး - အခုဘာဇာတ်ကားတွေရိုက်နေသလဲ။**

ဖြေ - တပ်မတော်ဂုဏ်ပြုဇာတ်လမ်းက တစ်နေ့ကပဲ ရိုက်ပြီးသွားပါပြီ။ အခု ဒါရိုက်တာ ဦးသိန်းဟန်(ဖိုးနစ်)နဲ့ **ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ** ဇာတ်ကားကြီးရိုက်နေပါတယ်။ နောက် ပါဝါကင်းနဲ့ မင်းရုပ်ရှင် ထုတ်လုပ်ရေးအတွက် ကားတွေရိုက်ဖို့ ရှိပါတယ်။

**မေး - အကယ်ဒမီ ရင်ခုန်သံလေး ပြောပြပါဦး။**

ဖြေ - ကျွန်တော်က ဇာတ်ကားကြီးတွေ သိပ်မရိုက် ဖြစ်သေးပါဘူး။ အစ်ကိုတွေ၊ အစ်မတွေ ဆုတက်ယူတာကို မုဒိတာပွားလက်ခုပ်တီးပြီး အားပေးဖို့သွားမှာပါ။

**မေး - ဒါဖြင့် တစ်ဆင့်ကြား ရင်ခုန်သံလေးသိရင်လည်း ပြောပြပါဦး။**

ဖြေ - အပြော အများဆုံးကတော့ အမျိုးသားသရုပ်ဆောင်ဆုမှာ **ဇော်က ကနေသည်၊ မိုးညအိပ်မက်မြူနဲ့ ကြိုးကြာတောင်ပံခတ်သံ**တို့မှာ သရုပ်ဆောင်ခဲ့တဲ့ ကိုနေတိုးလို့တော့ ပရိသတ်က အကယ်ဒမီ တစ်ကြိုပေးနေကြပါပြီ။ ဒါရိုက်တာကိုဝိုင်း ရိုက်ကူးတဲ့ **ကျောက်စက်ရေ** ဇာတ်ကားက မြင့်မြတ်ကိုလည်း ရုပ်ရှင်အသိုင်းအဝိုင်းထဲမှာ ပြောသံတွေကြားနေရပါတယ်။

**"အစ်ကိုတွေ၊ အစ်မတွေ ဆုတက်ယူတာကို မုဒိတာပွား လက်ခုပ်တီးပြီး အားပေးဖို့သွားမှာပါ"**

သရုပ်ဆောင် ဟိန်းဝေယံ။

**မေး - အမျိုးသမီး သရုပ်ဆောင်ထဲကကော။**

ဖြေ - ဒါကလည်း ဒီနှစ်ထဲမှာ ဇာတ်ကားတွေ အတော်များများရိုက်ထားတဲ့ (မကြီးစိုး) စိုးမြတ်သူဇာနဲ့ (မအူဝဲ) အိန္ဒြာကျော်ဇင်လို့ ဆိုကြတယ်။

အကယ်ဒမီအတွက် ရင်ခုန်ရသူတွေ၊ မှန်းဆသူတွေ၊ မျှော်မှန်းသူတွေ ဇန်နဝါရီ ၂၃ ရက် ညနေချမ်းမှာ အမှန်ဆုံးအဖြေကို သိရှိကြရတော့မှာပါ။ အဲဒီနေ့ကျရင် ဝမ်းသာပီတိအပြုံးများနဲ့ လက်ခုပ်သြဘာသံတွေဟာ မိုးသို့တိုင် ပျံ့လွင့်ဝေစည်နေတော့မှာကို ကြားယောင်နေမိပါတော့တယ်။

(ဆက်လက်ဖော်ပြပါမည်)

ဇော်က ကနေသည်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

## ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ချီဖွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဇန်နဝါရီ ၈ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ငြိမ်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပြည်ထောင်စုကျောက်တိုင်ပတ်လမ်း ကတ္တရာလမ်းသစ် လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၇ရက်က မြို့နယ်တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အင်တော်မြို့ အမှတ်(၄)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် မြို့တာဝန်ခံ ဦးဇော်မင်းခိုင်တို့ ဇန်နဝါရီ ၉ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စမ်းကြီးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၉ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးတင်ကိုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆင်ပေါင်ဝဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ဇန်နဝါရီ ၃ ရက်က မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် အားကစားဝန်ကြီးသူရဦးအေးမြင့် ခန္တီးခရိုင်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

**စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့်အတူ ဇန်နဝါရီ ၁၄ ရက်က ခန္တီးမြို့နယ် ပင်လုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်သည်။**

## ရှင်းလင်းတင်ပြ

ဆက်လက်၍ လဟယ်မြို့နယ် လောင်ငေါက်ကျေးရွာ၌ တာဝန်ရှိသူတစ်ဦးက ခန္တီး-ဆင်သေ-လဟယ် လမ်းဖောက်လုပ်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မွန်ထွေကျေးရွာ၌ ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ အနွေးထည်များနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်ကြသည်။

## ဖွင့်လှစ်ပေး

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဇန်နဝါရီ ၁၅ ရက်က လဟယ်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးက ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## တွေ့ဆုံ

ထို့နောက် လဟယ်မြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကာ လဟယ်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အထက(၁)လမ်းမတော် (စိန့်ဂျွန်း) ၁၉၆၈-၁၉၈၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က အဆိုပါကျောင်း စွမ်းအားခန်းမ၌ကျင်းပရာ ကျောင်းသားဟောင်းများက အပူဇော်ခံ ဆရာ ဆရာမကြီးများအား စုပေါင်းပူဇော်ကန်တော့ကြစဉ်။** (၁၃၅)

## ဆုချီးမြှင့်

**ဇန်နဝါရီ ၃ ရက်က ကျင်းပသော တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ပဥ္စမတန်းမှ စာပေထူးချွန်ဆုရရှိသော မပြည့်ဖြိုးခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညွန့်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (၁၁၅)

# မေတ္တာကမ္ဘာစာကြည့်တိုက်သစ် မြိုင်မြို့၌ ပန္နက်တင်ပွဲကျင်းပ

မြိုင် ဇန်နဝါရီ ၂၁

ပခုက္ကူခရိုင် မြိုင်မြို့နယ် သနပွင်ကုန်းအုပ်စု ချောင်းဦးတိုကျေးရွာ မေတ္တာကမ္ဘာစာကြည့်တိုက် ပန္နက်တင်ပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မေတ္တာကမ္ဘာစာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်က ပန္နက်တင်ပေးပြီး နိုင်ငံတော်မတည်ငွေကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးက ပေးအပ်ရာ ချောင်းဦးတိုကျေးရွာ ဥက္ကဋ္ဌ ဦးသိန်းဇော်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဇန်နဝါရီ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြည်တင်နှင့်အဖွဲ့ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော သိမ်ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်လင်းသန်း ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေး တာချီလိတ်မြို့နယ်၌ ရှင်းလင်းဆွေးနွေး

**တာချီလိတ် ဇန်နဝါရီ ၂၁**

တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းနှင့် ယင်းတို့၏ အစိတ်အပိုင်းများအား သယ်ယူခြင်း၊ ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ သစ်တောဦးစီးဌာန တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေရှင်းလင်းပွဲကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားပြီး ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို မြို့နယ်ဥက္ကဋ္ဌ ဦးရဲထူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးညွန့်သာနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးသက်ဝေတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(၀၁၆)**

# ယာဉ်နှင့် စက်ယန္တရားများ ကြံ့ခိုင်မှုစစ်ဆေး

**မိုးကောင်း ဇန်နဝါရီ ၂၁**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လုပ်ငန်းသုံးယာဉ်များ စက်ယန္တရားကောင်းမွန်ရေးနှင့် ယာဉ်ကြံ့ခိုင်မှုများကို ဒီဇင်ဘာ ၂၂ ရက်ကကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လင်းခေး၌ ပေးအပ်လှူဒါန်း

**လင်းခေး ဇန်နဝါရီ ၂၁**

လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များနှင့် မီဒီယာဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက ခရိုင်ရုံးခန်းမ၌ ကျင်းပသည်။

## ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီးစိုးမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျေးရွာ စာကြည့်တိုက်အတွက် တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ခွန်သန့်ဇော်ထူးက သုတစာအုပ်များ၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆွေက စာအုပ်ဗီရိုတစ်လုံး၊ စာရေးဆရာ စိုးကိုကို (လေးမျက်နှာ)က ကိုယ်တိုင်ရေး ရသစာအုပ် ၅၄ အုပ်နှင့် စာရေးဆရာမ သျှီ(အင်ကြင်း)က ရသစာအုပ် ၆၄ အုပ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာ ဦးကံတင်က စာဖတ်စားပွဲတစ်စုံနှင့် အခြား ဌာနဆိုင်ရာ အလှူရှင် အသီးသီးတို့က သုတ ရသ စာပေနှင့် စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တစ်ချက်တည်းကျင်းဝင်

**နေပြည်တော် ဇန်နဝါရီ ၂၁**

အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဝင်းသည် ကစားဖော်များဖြစ်ကြသော ဦးလင်းဦး၊ ဦးအောင်လှိုင်မင်း၊ ဦးတင်မောင်ဝင်းတို့နှင့်အတူ ဇန်နဝါရီ ၁၉ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တောင်ဖီလာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon No.2 ဘောလုံးကို Wilson Staff-Iron No.6 တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၆၀ အကွာတွင်ရှိသော ကျင်းအမှတ်(၄)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**စမ်းချောင်းမြို့နယ် ခတ္တာလမ်း အမှတ် ၂၇ နေ ဦးသိန်းအေး(ရန်ကုန်တိုင်းဒေသကြီးစာရင်းရုံး)-ဒေါ်ခင်စန်းသီ(ထူးအော်တိုဆားဗစ်လီမိတက်) တို့၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာအထိမ်းအမှတ်အဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေ လက်ခံယူစဉ်။**

(ကင်ဆာဖောင်ဒေးရှင်း)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်
# အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(၇၆)ခုအား ရောင်းချမည်ဖြစ်ပါသည်-(ပူးတွဲ)

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | အရေအတွက်(ခု) |
|---|---|---|
| (က) | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁ |
| (ခ) | အမှတ်(၁)စက်မှုဝန်ကြီးဌာန | ၂၁ |
| (ဂ) | အမှတ်(၂)စက်မှုဝန်ကြီးဌာန | ၇ |
| (ဃ) | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၈ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | ၈ |
| (စ) | သမဝါယမဝန်ကြီးဌာန | ၂ |
| (ဆ) | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | ၉ |
| (ဇ) | ပြန်ကြားရေးဝန်ကြီးဌာန | ၁၀ |
| (ဈ) | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ၃ |
| (ည) | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၁ |
| (ဋ) | စွမ်းအင်ဝန်ကြီးဌာန | ၁ |
| (ဌ) | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂ |
| (ဍ) | ပြည်ထဲရေးဝန်ကြီးဌာန | ၁ |
| (ဎ) | ရှေ့နေချုပ်ရုံး | ၁ |
| (ဏ) | စာရင်းစစ်ချုပ်ရုံး | ၁ |
| | **စုစုပေါင်း** | **၇၆** |

၂။ **အဆိုပြုလွှာပုံစံရောင်းချမည့်နေ့ရက်နှင့်နေရာ** - ၂၁-၁-၂၀၁၁ရက်မှစ၍ ရုံးချိန်အတွင်း စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂) နေပြည်တော်။

၃။ **အဆိုပြုလွှာတင်သွင်းရမည့်နေရာ** - စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်။

၄။ **အဆိုပြုလွှာတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၂၈-၁-၂၀၁၁ရက် ၉း၀၀နာရီမှ ၁၆း၀၀နာရီအထိ

၅။ စပေါ်ငွေ (PO Cheque) ပေးသွင်းရန်ကိစ္စနှင့်စပ်လျဉ်း၍ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ်-၀၆၇-၄၀၆၃၄၀၊ ၄၀၆၀၆၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး**
**ရုံးအမှတ်(၃၂)၊ နေပြည်တော်။**

## ပုဂ္ဂလိကပိုင်ပြုလုပ်မည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ

| စဉ် | အကြောင်းအရာ | မြေဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|
| | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(၁)ခု** | | |
| ၁ | အမှတ်(၂) ပျဉ်းမနားသကြားစက်ရုံ ပျဉ်းမနားမြို့နယ်၊ သနပ်ပင်ဆိပ်ကျေးရွာ | ၈၉.၆၇ | |
| | **အမှတ်(၁)စက်မှုဝန်ကြီးဌာန(၂၁)ခု** | | |
| ၂ | ချည်မျှင်နှင့်အထည်နည်းပညာဖွံ့ဖြိုးရေးဌာန(DCTT)၏ မြေနှင့်အဆောက်အအုံ အမှတ် ၆၅၁၊ ဒေါ်မြနှစ်လမ်း၊ အုတ်ကျင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၈၉၆ | |
| ၃ | သင်္ဃန်းကျွန်းအထည်စက်ရုံအမှတ်(၁၅)နှင့် ဆက်စပ်မြေကွက်၏ မြေနှင့်အဆောက်အအုံ အမှတ် ၂၀၊ ဦးဘဟန်လမ်း၊ ဗိုလ်ကုံညွန့်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၄၃၈ | |
| ၄ | ဖိနပ်စက်ရုံအမှတ်(၁) စက်ရုံခွဲ(လှိုင်) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) အမှတ် ၂၀၄၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂.၇၅၆ | |
| ၅ | ကျိုက္ကဆံဘီစကွတ်စက်ရုံခွဲ(၂)ဟောင်း၏ မြေနှင့်အဆောက်အအုံ အမှတ်(ဃ/၁၅၆)၊ လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၁၇၈ | |
| ၆ | ရန်ကုန်ပုလင်းသွင်းစက်ရုံခွဲပိုင်မြေ(၁)ဧကနှင့် အဆောက်အအုံ [(ပေ ၈၀×ပေ ၄၀)စီရှိ သိုလှောင်ရုံ(၂)လုံး] အမှတ် ၅၂၃၊ ဓမ္မသုခကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁.၀၀ | |
| ၇ | မျက်နှာသုတ်ပဝါစက်ရုံအမှတ်(၂၃)ပိုင်မြေနှင့် အဆောက်အအုံ အမှတ် ၈၃၄၊ သုမင်္ဂလာလမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | ၀.၂၂၀ | |
| ၈ | ကျိုက္ကဆံဘီစကွတ်စက်ရုံခွဲ(၁)(ဟောင်း)၏ မြေနှင့်အဆောက်အအုံ အမှတ်၁၅၊ လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁.၀၈၄ | |
| ၉ | အမှတ် ၇၄၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဘယ်ဘက်မြေညီထပ်အခန်း) | - | |
| ၁၀ | ဆပ်ပြာစက်ရုံအမှတ်(၃) ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၂.၉၀၃၂ | မိမိကြိုက်နှစ်သက်ရာလုပ်ငန်းကိုလုပ်ကိုင်နိုင်သည်။ |
| ၁၁ | ဝင်းသူဇာစားသောက်ကုန်လုပ်ငန်းစက်ရုံခွဲ(လှိုင်) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁.၂၈၀ | မိမိကြိုက်နှစ်သက်ရာလုပ်ငန်းကိုလုပ်ကိုင်နိုင်သည်။ |
| ၁၂ | သားရေပစ္စည်းစက်ရုံ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂.၇၅၄ | မိမိကြိုက်နှစ်သက်ရာလုပ်ငန်းကိုလုပ်ကိုင်နိုင်သည်။ |
| ၁၃ | ကျောက်ပြားစက်ရုံခွဲ (ကျောက်ဆည်) မုန့်ပေါင်းကျေးရွာအနီး၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၁၄.၅၀ | |
| ၁၄ | ကြွေထည်ပစ္စည်းစက်ရုံ(မော်လမြိုင်) ကျောက်တန်းလမ်း၊ မုပွန်ရပ်ကွက်၊ မော်လမြိုင်မြို့ | ၁၂.၆၉၅ | |
| ၁၅ | ဆပ်ပြာစက်ရုံအမှတ်(၂)စက်ရုံခွဲ (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) အမှတ် ၁၁၅၊ လွတ်လပ်ရေးလမ်း၊ ဝေဘူလရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂.၃၁၆ | |
| ၁၆ | ဆီသန့်စက်ရုံ အမှတ် ၁၆၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၄.၉၉ | |
| ၁၇ | မတ္တရာအုတ်စက်ရုံအမှတ်(၃) မန္တလေး-မိုးကုတ်လမ်း၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၁၃၃.၉၅ | |
| ၁၈ | အင်းစိန်စောင်စက်ရုံအမှတ်(၂၀) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁၅.၇၁၁ | |
| ၁၉ | ကုန်ထုတ်စက္ကူစက်ရုံ (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) စဉ့်ငူရပ်ကွက်၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂.၅၅ | |
| ၂၀ | ပြည်မြစ်နှာအချိုရည်နှင့်ရေခဲစက်ရုံ အမှတ်(၁၈၁)၊ စစ်ကဲလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့ | ၁.၆၁၀ | |
| ၂၁ | မီးခြစ်စက်ရုံ (မန္တလေး) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅.၇၉၀၁ | |
| ၂၂ | အထည်စက်ရုံ၊ ရုံခွဲ(၄) အမှတ်(၃၁၅/၆၆၁)၊ မေဓာဝီလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂.၁၀၃ | |
| | **အမှတ်(၂)စက်မှုဝန်ကြီးဌာန(၇)ခု** | | |
| ၂၃ | အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃) သိုလှောင်ရုံ(၁)လုံးနှင့် ရုံးအဆောက်အအုံ အမှတ် ၁၉၇၊ ဝေဘူလရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁.၄၁၃ | |
| ၂၄ | လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ ဓာတ်ခဲထုတ်လုပ်မှုအလုပ်ရုံ (၂၃)ရပ်ကွက်၊မိုးကုတ်လမ်း၊ တောင်ဒဂုံစက်မှုနယ်မြေ(၁)၊ ရန်ကုန်တိုင်းဒေသကြီး | ၁.၉၄၁ | |
| ၂၅ | အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၂) ရန်ကုန်-အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၃.၉၈ | |
| ၂၆ | အမှတ်(၂)စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃)၊ ကုန်ထုတ်ဌာနခွဲ(၂) (ဃ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၇၃၈ | |
| ၂၇ | ဓာတ်ခဲထုတ်လုပ်မှုအလုပ်ရုံ(မလွန်) (စက်နှင့်စက်ကိရိယာပစ္စည်းသာ) မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | - | |
| ၂၈ | လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ ရေနံဓာတ်ငွေ့ရည်အိုးခွံထုတ်လုပ်မှုအလုပ်ရုံ (၂၃)ရပ်ကွက်၊ မိုးကုတ်လမ်း၊ တောင်ဒဂုံစက်မှုနယ်မြေ(၁)၊ ရန်ကုန်တိုင်းဒေသကြီး | ၁.၂၂၄ | |
| ၂၉ | အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃)၊ ပင်မစက်ရုံ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂.၉၁ | |
| | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(၈)ခု** | | |
| ၃၀ | ပုသိမ်မြို့၊ ဝဲဒေါင့်ရပ်၊ ဘတ္တလာဝင်းအတွင်းရှိ မြေကွက်နှင့်သိုလှောင်ရုံ(၃)လုံး | ၄.၈၆၁ | |
| ၃၁ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်၊ မြေတိုင်းအမှတ် (၅-စီ)၊မြေကွက်အမှတ်(၂၁-ဘီ)ရှိ မြေနှင့်အဆောက်အအုံ | ၁.၄၃၀ | |
| ၃၂ | ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ ပန်းတိမ်တန်းလမ်း အမှတ် ၅၅ရှိ(ပဆ-၁၄/၅၀၅၆)ဆိုင်ခန်း | - | |
| ၃၃ | ဆန်စက်အမှတ် ၅၅၄၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၄.၆၉ | |
| ၃၄ | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြေ(၂.၂၃)ဧကနှင့်၄င်းမြေပေါ်ရှိ သိုလှောင်ရုံ(၃)လုံး | ၂.၂၃ | |
| ၃၅ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ မြေ(၁.၅၂)ဧကနှင့် ၄င်းမြေပေါ်ရှိ သိုလှောင်ရုံ(၃)လုံး | ၁.၅၂ | |
| ၃၆ | ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ မြေ(၁.၆၅၅)ဧကနှင့် ၄င်းမြေပေါ်ရှိ သိုလှောင်ရုံ(၁)လုံး(မြေစိုက်-၃) | ၁.၆၅၅ | |
| ၃၇ | ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ဥယျာဉ်လမ်း၊ မြေ(၀.၇၀)ဧကရှိ သိုလှောင်ရုံ(၂)လုံး | ၀.၇၀ | |
| | **မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန(၈)ခု** | | |
| ၃၈ | အမှတ်(၄) ရေခဲစက်ရုံ(ရုံးအဆောက်အအုံ၊ သိုလှောင်ရုံ) (မြေနှင့်အဆောက်အအုံ) အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၁၁၆ | |
| ၃၉ | အမှတ်(၆) အအေးခန်းနှင့်ရေခဲစက်ရုံ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁.၁၄၉ | |
| ၄၀ | အမှတ်(၇) အအေးခန်းနှင့်ရေခဲစက်ရုံ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၅၀၂ | |
| ၄၁ | ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ လုံးသာကျေးရွာရှိ လုံးသာအဆောက်အအုံ | ၂.၁၅ | |
| ၄၂ | သာကေတစည်သွတ်စက်ရုံ အမှတ် ၈၂၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၄.၇၀ | |
| ၄၃ | ငါးခြောက်စက်ရုံ အမှတ် ၈၂၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁.၅၁ | |
| ၄၄ | ညောင်ရွှေအအေးခန်းရေခဲစက်ရုံ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ် | ၃.၄၅ | |
| ၄၅ | ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိ သဇြချိုင်အအေးခန်းနှင့်ရေခဲစက်ရုံ၊ ဆိပ်ခံဇောတံတား | ၂၁.၇၃ | |
| | **သမဝါယမဝန်ကြီးဌာန(၂)ခု** | | |
| ၄၆ | ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၈၀ မြေညီထပ်အခန်း (ပဆ-၄၁၄၂/၄၁၉၂) (၂၅ပေ ×ပေ၆၀) | - | |
| ၄၇ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၃၇၀ မြေညီထပ်အခန်း (ယာဘက်ခြမ်း)(ပဆ-၉၈၉၀)( ၂၈ပေ×၅၅ပေ×၁၇ပေ) | - | |
| | **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန(၉)ခု** | | |
| ၄၈ | အရက်ဖြူဆိုင်အမှတ်(၁)၊ ပဲခူးလုပ်ငန်းခွဲ အမှတ် ၈၀၊ လမ်း၂၀၊ ဈေးပိုင်းရပ်၊ ပဲခူးတိုင်းဒေသကြီး | ၀.၀၃၄ | |
| ၄၉ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ (၈၃×၈၄)လမ်းကြား၊ အကွက်အမှတ် ၅၉၈၊ အမှတ် ၂၅၇ရှိ မြေညီထပ်အခန်း(ပဆ-၉၈၇၅/၉၈၇၇) | - | |
| ၅၀ | အရက်ဖြူဆိုင်အမှတ်(၉)၊ ရန်ကုန်လုပ်ငန်းခွဲ အမှတ် ၂၀၀၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၀၇၂ | |
| ၅၁ | အမှတ် ၅၉၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့ရှိ (၃)ထပ်တိုက်၏ မြေညီထပ်အခန်း (ပဆ-၁၁၉၃) | - | |
| ၅၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၉၅/၉၆)( ပေ ၅၀× ပေ ၅၀) မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ | ၂၅၀၀ စ/ပေ | |
| ၅၃ | အရက်ဖြူဆိုင်အမှတ်(၁၁) အမှတ် ၁၂၄၊ ဝေဇယန္တာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အဆောက်အအုံနှင့်မြေနေရာ | ၀.၀၆၄ | |
| ၅၄ | အရက်ဖြူဆိုင်အမှတ်(၁၀) မေတ္တာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂၉၄၀ စ/ပေ (၄၉ပေ×ပေ၆၀) | |
| ၅၅ | အင်းလေးခေါင်တိုင်ဟိုတယ်(အင်းလေးရေပူစမ်းမပါ) ခေါင်တိုင်ကျေးရွာအုပ်စု၊ အင်းလေးကန်အနောက်ဘက်၊ ညောင်ရွှေမြို့နယ် | ၃၀.၉၃ | |
| ၅၆ | Yangon Commercial Tower အမှတ်(၇၃/၇၅)၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၀၆၉ | |
| | **ပြန်ကြားရေးဝန်ကြီးဌာန(၁၀)ခု** | | |
| ၅၇ | ရွှေရတနာရုပ်ရှင်ရုံ အမှတ်(၂၂၀/၁)၊အနော်ရထာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) ရန်ကုန်တိုင်းဒေသကြီး | ၄.၃၄၆ | |
| ၅၈ | ဝဇီရာ(၂)ရုပ်ရှင်ရုံ အမှတ် ၂၃၂၊ ညောင်တုန်းလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂.၉၈၄ | |
| ၅၉ | သီတာရုပ်ရှင်ရုံ အမှတ် ၁၇၅၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၂၄၃ | |
| ၆၀ | ဆုထူးပန်ရုပ်ရှင်ရုံ အမှတ် ၃၀၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၁၇၉ | |
| ၆၁ | ဘုရင့်ရုပ်ရှင်ရုံ အမှတ် ၃၂၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၁၉၅ | |
| ၆၂ | ဧရာဝတီရုပ်ရှင်ရုံ အမှတ်(၂၈-က)၊ လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀.၂၁၆ | |
| ၆၃ | မစိုးရိမ်ရုပ်ရှင်ရုံ လမ်း ၈၀၊ (၂၆×၂၇)လမ်းကြား၊ ဟေမာဇလရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၀.၈၄၉ | |
| ၆၄ | ပဒေသာရုပ်ရှင်ရုံ အမှတ် ၁၆၇၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ၁.၄၈၅ | |
| ၆၅ | မြို့မရုပ်ရှင်ရုံ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၀.၃၉၈ | |
| ၆၆ | ဇေယျာသီရိရုပ်ရှင်ရုံ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၀.၇၄၄ | |
| | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန(၃)ခု** | | |
| ၆၇ | ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ လမ်းမတော်လမ်း၊ အမှတ် ၈၀၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၁၄/၅၀၂၇) | - | |
| ၆၈ | ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၂/၇၄)ရှိ မော်တော်ယာဉ်သိုလှောင်ရုံ၏ မြေ(၀.၁၃၄)ဧကနှင့် သိုလှောင်ရုံအဆောက်အအုံ | ၀.၁၃၄ | |
| ၆၉ | မိတ္ထီလာမြို့၊ ဈေးအရှေ့ပတ်လမ်းပေါ်ရှိ မြေညီထပ်အလယ်ရှိအခန်းလေးခန်း (ပဆ-၉၉၇၅) (၄၂ပေ ×၃၃ပေ ×၁၆ပေ) | - | |
| | **ရထားပို့ဆောင်ရေးဝန်ကြီးဌာန(၁)ခု** | | |
| ၇၀ | အမှတ်(၃၈၉/၃၉၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကြူလီယာဗလီဥပစာအဆောက်အအုံ (၆၀×၂၈×၁၈)ပေ (မြေမပါ) | - | |
| | **စွမ်းအင်ဝန်ကြီးဌာန(၁)ခု** | | |
| ၇၁ | တာချီလိတ်မြို့၊ ဗိုလ်ချုပ်လမ်းနှင့် ပါလျံလမ်းထောင့်၊ ဗိုလ်တဲကုန်းရပ်၊ ဝမ်းကောင်းအုပ်စု၊ အကွက်အမှတ်(၆)ရှိ မြေနှင့်အဆောက်အအုံ | ၀.၆၁၉ | |
| | **ဆောက်လုပ်ရေးဝန်ကြီးဌာန(၂)ခု** | | |
| ၇၂ | အမှတ်(၁၆/ဘီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိမြေနှင့် အဆောက်အအုံ | ၁.၉၄၈ | |
| ၇၃ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၁၆ရှိ ပြည်သူ့အင်အားရုံးအဆောက်အအုံဟောင်း | ၂၁၁၀၀ စ/ပေ | |
| | **ပြည်ထဲရေးဝန်ကြီးဌာန(၁)ခု** | | |
| ၇၄ | အမှတ်(၁)၊ အင်းလျားလမ်းနှင့်ဥယျာဉ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁.၄၆၅ | |
| | **ရှေ့နေချုပ်ရုံး(၁)ခု** | | |
| ၇၅ | ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၇၃/၄၇၅)၊ (ပဆ-၉၄၈၉) (ပေ၆၀ ×၁၈၄ပေ) မြေညီထပ်အခန်း | - | |
| | **စာရင်းစစ်ချုပ်ရုံး(၁)ခု** | | |
| ၇၆ | ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ဘဏ်လမ်း။ အမှတ် ၅၀ရှိ ဒုတိယထပ်ဝဲဘက်ခြမ်းအခန်း(၁)ခန်း၊ (၃၇ပေ ×ပေ၄၀ ×၁၅ပေ) | - | |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင် စာမေးပွဲ
## သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ

ဒီကနေ့ ပို့ချမှာကတော့ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်တယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ **သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်**ဆိုပြီး အပိုင်းကြီး (၅)ပိုင်းပါဝင်တယ်။

**အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ**

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာရွေ့ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

**အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ**

သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ**

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဃ)ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ**

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

**အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ**

စကေးများ၊ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ လေ့လာခြင်း၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆိုတွက်ချက်ခြင်းများပါဝင်တယ်။

**တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး**

အပိုင်း(က)ဓမ္မဓိဌာန်၊ အပိုင်း(ခ)သဘာဝပထဝီဝင်၊ အပိုင်း(ဂ)စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ)မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င)ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင်မေးခွန်းများဖြစ်တယ်။ အဲဒီထဲမှာ အပိုင်း(က)နှင့် (စ)မှမေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း (၆)ပုဒ် ဖြေဆိုရမှာဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ **ဖြေဆိုချိန် (၃) နာရီ**ဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ **၁၀၀** ဖြစ်တယ်။

**အပိုင်း(က) ဓမ္မဓိဌာန်မှာ** သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

**အပိုင်း(ခ)မှာ** မေးခွန်းရှည်နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်းများဆိုပြီး စုစုပေါင်း(၃)ပုဒ်မေးထားပြီး နှစ်သက်ရာ **(၁)ပုဒ်ရွေးပြီး (၁၅)မှတ်ဖိုး**ဖြေရမှာဖြစ်တယ်။ အကယ်၍ မှတ်စုတိုမေးခွန်းကိုဖြေဆိုလျှင် နှစ်သက်ရာ မှတ်စုတို (၂)ပုဒ်ကို ဖြေဆိုနိုင်တယ်။ **ဒီလိုပဲအပိုင်း(ဂ)၊(ဃ)၊(င)**တို့မှာလည်း(၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်းအမှတ်(၆၀) ပေးထားတယ်။

**လက်တွေ့ပထဝီဝင်အပိုင်း(စ)မေးခွန်း၁၄(က)မှာ၁၀မှတ်နှင့်၁၄(ခ)အတွက်(၁၅)မှတ်**ဆိုတော့ စုစုပေါင်းပေးမှတ် (၂၅)မှတ်ဖြစ်ပြီး ဓမ္မဓိဌာန်လိုပဲ **မဖြေမနေရဖြစ်တယ်။**

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက်ဖတ်၊ မှတ်ဖို့လိုပါတယ်။ သင်ခန်းစာအားလုံးကိုမြေပုံနှင့် တကွမှန်မှန်လေ့ကျင့်ထားရပါမယ်။သီအိုရီအပိုင်းကိုလေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက် ပိုပြီးဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံးဖြေရမှာ မဟုတ်ကြောင်း သတိပြုရပါမယ်။

**ကမ္ဘာ့ပထဝီဝင်အပိုင်း**မှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကို သိရမယ်။

**ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်**ဆိုပြီး ခွဲခြားလေ့လာမှတ်သားသင့်တယ်။

**ရူပပထဝီဝင်အပိုင်း**မှာ တည်နေရာ၊အကျယ်အဝန်း၊မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။

**သဘာဝပထဝီဝင်**မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။

**လူမှုရေးပထဝီဝင်**မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများပါဝင်တယ်။

**စီးပွားရေးပထဝီဝင်**မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးများ ပါဝင်တယ်။

**စီးပွားကုန်ထုတ်လုပ်ငန်း**မှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

**ဓမ္မဓိဌာန်**များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို **မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေး** စသည်ဖြင့် မေးနိုင်တာကို သတိပြုပါ။

ဆက်လက်ပြီး ပို့ချမှာကတော့ **လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာ စကေးနဲ့ ကောင်းကင်ဓာတ်ပုံ**အကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကို ဖြေရမယ်။ **၁၄(ခ)မှာတော့ ကွန်တိုမြေပုံ**ကို လေ့လာဖြေဆိုရမှာဖြစ်တယ်။ ဒီအပိုင်းမှာ လေ့ကျင့်ဖို့အများကြီးလိုအပ်တယ်။ ပို့ချချက်ပါ ညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ဥပမာ ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတ ရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။

လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ ပါဝင်တယ်။

**စကေးဆိုသည်မှာ** မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှအကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ- **(၁) စာစကေး (ဝါ) စာတန်းစကေး၊** (ဥပမာ- တစ်လက်မလျှင်တစ်မိုင်) **(၂) အချိုးစကေး (ဝါ) အပိုင်းစကေး** (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း)နှင့် **(၃) ပုံပြစကေး** (ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျမြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

**ပုံပြစကေး**ဆိုတာကတော့ မြေပြင်အကွာအဝေးတစ်ခုနှင့် အချိုးကျမျဉ်းတစ်ကြောင်းရေးဆွဲပြီး ထိုမျဉ်းကိုလိုအပ်သလို စိတ်ပိုင်းဖော်ပြခြင်းဖြစ်တယ်။ အဓိကအားဖြင့် စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးဆိုပြီး နှစ်မျိုးရှိတယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဆိုပြီး နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့် ကိန်း၏"ယူနစ်"ကို သတိပြုရန်လိုအပ်တယ်။ ပေ၊ ကိုက်၊ ဖာလုံ စသည်ဖြင့် မေးနိုင်တဲ့အတွက် ပေးထားသော စာစကေး၊ အပိုင်းစကေးတို့ကို အရင်ဆုံး ယူနစ် ပြောင်းလဲပေးရမယ်။ ဒါ့ကြောင့် တစ်မိုင်မှာ ၆၃၃၆၀ လက်မ (သို့မဟုတ်) ပေ ၅၂၈၀ (သို့မဟုတ်) ၁၇၆၀ ကိုက် (သို့မဟုတ်) ၈ဖာလုံနှင့် ညီမျှပြီး ပြောင်းလဲပေးရမှာဖြစ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့ အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြား ရှိရင်အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင် ဆွဲရန်လိုတယ်။အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဥပမာ- **၂လက်မလျှင် ၁မိုင်စကေးကို ပေ၃၀၀** အထိ ပြသနိုင်သော စကေးကျဲပုံတစ်ပုံ တွက်ချက်ရေးဆွဲရာတွင် တွက်နည်းတွင်ပေးထားသော **၂ လက်မလျှင် ၁ မိုင်စကေးကို ပေ ၃၀၀ အထိ** ပြသနိုင်သော စကေးကျဲပုံဆွဲရမှာဖြစ်တဲ့အတွက် **ပေ**အဖြစ်ယူနစ်တူအောင် ပြောင်းရမယ်။ အခြေခံမျဉ်းအလျား ၆လက်မလိုအပ်၍ ၆လက်မပေါ်ရှာပါက **ပေ ၁၅၈၄၀** ရမည်။ အနီးဆုံး ကိန်းပြည့်ဂဏန်းဖြစ်တဲ့ **ပေ ၁၅၀၀၀** ဟုယူသင့်တယ်။ ထို့နောက် အခြေခံမျဉ်းအလျားကို **ပေ ၁၅၀၀၀** ပေါ်တွင် ပြန်ရှာပါကဆွဲရမည့် **၅. ၆၈ လက်မ** အလျားကိုရမယ်။ အခြေခံမျဉ်းပေါ်တွင် စိပ်ပိုင်းရန် အနီးဆုံးယူသည့်ကိန်းဂဏန်းဖြစ်သော **ပေ ၁၅၀၀၀** ကို ပြသလိုသော **ပေ ၃၀၀** နှင့်စားပါက အပိုင်း **၅၀** ရမယ်။ အပိုင်း **၅၀** ကို ဆခွဲကိန်းခွဲပေးပါက မူလပိုင်း (၅)ပိုင်းနှင့် ထပ်ဆင့်ပိုင်း (၁၀)ပိုင်း ရမယ်။ မူလပိုင်းတစ်ပိုင်း၏ တန်ဖိုး **ပေ ၃၀၀၀** နှင့် ထပ်ဆင့်ပိုင်းတစ်ပိုင်း၏တန်ဖိုး **ပေ ၃၀၀**ကို ရရှိမယ်။ ထပ်ဆင့်ပိုင်းတစ်ပိုင်း၏ တန်ဖိုးသည် ပြသရန် လိုအပ်သော **ပေ ၃၀၀**နှင့် ညီတယ်။

<u>ပုံဆွဲနည်းအဆင့်ဆင့်ကတော့</u>

၁။ တွက်ချက်၍ ရသော အလျား ၅. ၆၈ လက်မအတိုင်း စကေးမျဉ်းကို တိကျစွာရေးဆွဲပါ။

၂။ စကေးမျဉ်း၏လက်ဝဲဘက်အစွန်းမှ ထောင့်ကျဉ်းမျဉ်းဖြောင့်ဆွဲပါ။

၃။ ထိုထောင့်ကျဉ်းမျဉ်းဖြောင့်ပေါ်တွင် (၅)ပိုင်းအညီ ကွန်ပါထောက်ဖြင့် ပိုင်းပါ။

၄။ နောက်ဆုံးပိုင်းမှတ်နှင့် စကေးမျဉ်း၏ လက်ယာအစွန်းတို့ကို မျဉ်းဖြောင့်ဖြင့်ဆက်ပါ။

၅။ ထိုမျဉ်းနှင့်အပြိုင် ပိုင်းမှတ်များမှ စကေးမျဉ်းပေါ်သို့ မျဉ်းပြိုင်များရေးဆွဲပါ။ ထိုအခါ စကေးမျဉ်းပေါ်တွင် ပိုင်းလိုသည့်အရေအတွက် အပိုင်းကြီး(မူလပိုင်း) (၅)ပိုင်းကို အညီအမျှပိုင်းပြီးဖြစ်မည်။

၆။ မူလပိုင်းတစ်ပိုင်းကို ထပ်ဆင့်ပိုင်း(၁၀)ပိုင်းအညီစိပ်ရန် စကေးမျဉ်း၏ လက်ဝဲဘက်အစွန်းမှ အပေါ်ဘက်သို့ မတ်မျဉ်းထောင်ပါ။

၇။ အလားတူ စကေးမျဉ်းပေါ်ရှိ မူလပိုင်းတစ်ပိုင်း ပိုင်းမှတ်မှ အောက်သို့မတ်မျဉ်းထောင်ပါ။ ထိုမတ်မျဉ်းပေါ်တွင် အညီအမျှ (၁၀) ပိုင်းပိုင်းပါ (မတ်မျဉ်းများကို၁လက်မထောင်ပြီး ၁ လက်မရှိ ၁၀ စိပ်ကို အညီအမျှ ပိုင်းမှတ်နိုင်သည်။)

၈။ ထို ၁၀ ပိုင်း ပိုင်းမှတ်များကို ပုံတွင်ပြထားသည့်အတိုင်း မျဉ်းပြိုင်များဆက်လျှင် မူလပိုင်းကြီး တစ်ပိုင်းကို အညီအမျှ ၁၀ ပိုင်း ပိုင်းပြီးဖြစ်မည်။

၉။ အပိုင်းတန်ဖိုးများ တပ်ပေးရမည်။'ဝ'ကို ပထမပိုင်းမှတ်၌ရေးရမည် 'ဝ' မှ လက်ယာဘက်သို့ လည်းကောင်း၊ လက်ဝဲဘက်သို့လည်းကောင်း၊ အပိုင်းလိုက် တန်ဖိုးများရေးပြီး ယူနစ်အမျိုးအစား **ပေ**ကိုဖော်ပြရမည်။

၁၀။ အနည်းဆုံးတစ်ပိုင်း၏ တန်ဖိုးကို ပုံတွင်ဖော်ပြပေးရမည်။

၁၁။ ခေါင်းစဉ်တပ်ပေးရမည်။

**၂လက်မလျှော်၁မိုင်စကေးကို ပေ၃၀၀အထိ ပြသနိုင်သော စကေးကျဲပုံ**

### ပုံဆွဲနည်းရှင်းလင်းချက်

၂လက်မလျှော် ၁မိုင်စကေးကိုပေ၃၀၀
အထိပြသနိုင်သောစကေးကျဲပုံ




စာမျက်နှာ ၁၆ ကော်လံ ၁ သို့

***စာမျက်နှာ ၁၅ မှအဆက်***

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်းအကြောင်းကို လေ့လာမယ်ဆိုရင် **ကောင်းကင်ဓာတ်ပုံ** ဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံ စသည်တို့မှ ရိုက်ကူးထားတဲ့ဓာတ်ပုံများ ဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုပ်စက်ဝိုင်းကို မြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုပ်စက်ဝိုင်းကို မမြင်နိုင်တဲ့ တစောင်းနိမ့်ကောင်းကင်ဓာတ်ပုံဆိုပြီး နှစ်မျိုး ထပ်မံခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံ စကေးများနဲ့ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။

<u>ကောင်းကင်ဓာတ်ပုံစကေးရှာခြင်းမှာတော့</u>

ကောင်းကင်ဓာတ်ပုံစကေးကို

**(၁) ကင်မရာဆုံတာနှင့် လေယာဉ်ပျံသန်းသောအမြင့်တို့၏အချိုးဖြင့် စကေးရှာနည်း**

အသုံးပြုရမည့်ပုံသေနည်း(၁) Scale or RF = $\frac{f}{H}$

အသုံးပြုရမည့်ပုံသေနည်း(၂) Scale or RF = $\frac{f}{(A-h)}$

**(၂) ဓာတ်ပုံပေါ်အကွာအဝေးနှင့် မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့်စကေးရှာနည်း**

အသုံးပြုရမည့်ပုံသေနည်း Scale or RF = $\frac{PD}{GD}$

**(၃) စကေးသိသောမြေပုံနှင့် နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်း**

အသုံးပြုရမည့် ပုံသေနည်း Scale or RF = $\frac{PD}{MD}$ x Map Scale တို့ဖြစ်တယ်။

**ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်းအပိုင်းတွင်(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊** မြေပုံပါဒေသ၏ ဧရိယာနှင့် လတ္တီကျူ၊ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံ၏ မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီး အတွင်း တည်ရှိသည်ကို အကြောင်းပြချက်နှင့် ဖြေဆိုခြင်း၊ မြေပုံပါဒေသ၏ ရူပပထဝီဝင်၊ သဘာဝ ပထဝီဝင်၊လူမှုစီးပွားရေး ပထဝီဝင်နှင့် စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်း ဖြေဆိုခြင်းများ ပါဝင်တယ်။ (က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာတွင် ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမည်ဖြစ်၍ ကွန်တိုမြေပုံတွင်ပေးထားသော အလျားလိုက်စကေးကို အသုံးပြုတွက်ချက် ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကို ရှာရာတွင် မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် **၅ဆမှ ၁၀ဆ** အထိချဲ့သင့်တယ်။

**အလျားလိုက်စကေး ၁ လက်မ - ၁ မိုင်ပေါ်မူတည်ပြီး ဒေါင်လိုက်စကေး ၅ ဆချဲ့သော်**

ဒေါင်လိုက်စကေး ၁ လက်မ × ၅ ဆ = ၁ မိုင်

၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)

၁ လက်မ = ?

= ၁ × ၅၂၈၀ / ၅ = ၁၀၅၆ ပေ

ရလာသောအဖြေကို ပုံဆွဲရာ၌လွယ်ကူအောင် အနီးဆုံးကိန်းပြည့် **၁၀၀၀ ပေ** ကို ယူရမယ်။

ထို့ကြောင့် **ဒေါင်လိုက်စကေး ၁လက်မ- ၁၀၀၀ ပေ** ရလာမယ်။ ရရှိလာသောအဖြေကို အသုံးပြု၍ ပေးထားသောဂရပ်ပေါ်၌ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမယ်။

**ရေးဆွဲပုံ အဆင့်ဆင့်မှာ**

ပထမဦးဆုံး ပေးထားသော ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။ ပြီးလျှင် ‘က’နှင့်‘ခ’ဖြတ်သန်းရာမျဉ်းတစ်လျှောက်ရှိ ကွန်တိုမျဉ်းများ၏ အမြင့်ပေများကို မှတ်ရမည်။ ဤသို့မှတ်သည့်အခါ ပေးထားသောကွန်တိုခြားနားချက်ကို သတိပြုရမည်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမည်။

ထို့နောက် ‘က’ ‘ခ’ ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။ ပြီးလျှင် ဂရပ်စာရွက်ပေါ်မှာ ပေးထားသော ကွန်တိုမြေပုံ၏ ‘က’ ‘ခ’ အလျားအတိုင်း အောက်ခြေ အလျားလိုက် မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ ‘က’ နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းနှင့် ‘ခ’နေရာမှ ဒေါင်လိုက် မျဉ်းတစ်ကြောင်းဆွဲပါ။ ခေါက်ထားသော ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားသည့်ဂရပ်စာရွက်၏ အောက်ခြေမျဉ်းတွင် ‘က’ ‘ခ’ အမှတ်အသား အကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနှင့် တစ်ထပ်တည်းကျအောင် ကပ်ပါ။ ပြီးလျှင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချ၍မှတ်ပါ။ မှတ်ထားသောအစက်များကို ပြေပြစ်သည့် မျဉ်းကြောင်းများဖြင့် ဆက်လိုက်လျှင်လိုအပ်သော ဖြတ်ပိုင်းပုံကို ရလာမယ်။ ဤကဲ့သို့ဆွဲသည့်အခါ သတိပြုရမည့်အချက်မှာ ‘က’နှင့်‘ခ’ကို ဘောင်၌ရှိသောနေရာအမြင့်များ မှန်အောင်ရေးရန်လိုသည်။ မြစ်ဝှမ်းကျယ်ဖြစ်လျှင်ဇလားပုံ၊ ချောင်းငယ်များ၏နေရာတွင် V ပုံသဏ္ဍာန်အနည်းငယ်ချိုင့်ပေးရမည်။ ပုံတွင်ထင်ရှားသောမြစ်၊ချောင်း၊ အင်းအိုင်၊ လမ်းစသည့်နေရာများကို မြားများပြပြီးဖော်ပြရမည်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်) အညိုရောင် ခြယ်ပေးသင့်သည်။ပုံ၏အပေါ်တွင် ခေါင်းစဉ်တပ်ပြီး ပုံ၏အောက်တွင်အလျားလိုက်နှင့် ဒေါင်လိုက် စကေး နှစ်မျိုးစလုံးဖော်ပြရမည်။

**မြေပုံပါဒေသ၏တည်နေရာကိုဖော်ပြတဲ့အခါ** နည်း၂နည်းဖြင့် ဖော်ပြနိုင်တယ်၊ **ပထမနည်းက သင်္ချာနည်း** ဖြစ်ပြီး မြေပုံ၏ဘောင်တွင် လတ္တီကျူနှင့်လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိသည်။ မေးခွန်းပါကွန်တိုမြေပုံများဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းများအနက် **၉၀° ကျော်**သော ကိန်း၂ခုသည် **အရှေ့လောင်ဂျီကျူ** ဖြစ်ပြီး ကျန်**၉၀° အောက်**၂ ခုမှာ **မြောက်လတ္တီကျူ** ဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။ ဥပမာ- မြေပုံပါဒေသသည် **အရှေ့လောင်ဂျီကျူ** ၉၆° ၉' နှင့်၉၆° ၁၃'အတွင်း**မြောက်လတ္တီကျူ** ၂၁° ၄၅' နှင့် ၂၁° ၄၉' အတွင်းတွင် ရှိတယ်လို့ရေးရမယ်။**နောက်တစ်နည်း**မှာ မြေပုံပေါ်မှာပါရှိသည့် ထင်ရှားသော မြစ်ချောင်းစသည့် မြေပြင်လက္ခဏာများနှင့် မြို့ပြကျေးရွာများကိုမှီငြမ်းပြီး ဖော်ပြခြင်းဖြစ်တယ်။ ဥပမာ-ပေးထားတဲ့ မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်အလယ်ဗဟိုမှ ဖြတ်စီးနေပါက “ဧရာဝတီမြစ်ဝှမ်း၏ တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသ”ဟု အကြမ်းအားဖြင့်ရေးနိုင်တယ်။ အကယ်၍ ထင်ရှားသောမြို့တစ်မြို့ (ဥပမာ- ရေနံချောင်းမြို့ ပါရှိပါက“မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသ”ဟု ရေးနိုင်တယ်။ မြေပုံပါဒေသ၏ ဧရိယာကိုစတုရန်းမိုင်ဖြင့် ဖော်ပြရမယ်။

ဥပမာ- **မြေပုံ၏စကေး**သည် **၁လက်မလျှင်တစ်မိုင်**ဖြစ်ပြီး ယင်း**မြေပုံ၏ အလျား ၄လက်မနှင့် အနံ ၂လက်မ** ရှိပါက **မြေပြင်တွင် အလျား ၄ မိုင်နှင့် အနံ ၂ မိုင်**ဖြစ်တယ်။ ထို့ကြောင့် ပေးထားသောမြေပုံပါဒေသ၏ဧရိယာသည် **အလျား ၄ မိုင်×အနံ ၂ မိုင်-၈စတုရန်းမိုင်**ရှိသည်။အကယ်၍ရရှိတဲ့အဖြေသည် ကိန်းပြည့်မဟုတ်ပါက အနီးဆုံး ကိန်းပြည့်ဖြင့်ဖော်ပြနိုင်တယ်။မြေပုံပါဒေသသည် မြန်မာနိုင်ငံ၏မည်သည့်ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်း ပါဝင်သည်ကိုဖော်ပြရာမှာ မြေပုံ၌ပါဝင်သည့်မြို့၊ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ကားလမ်း၊ ရထားလမ်းဆက်သွယ်မှု စသည့်အခြေအနေများကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။ ဥပမာ- မြေပုံတွင် ဝွမြို့နယ်ဟုတွေ့ရသဖြင့် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်ဟု တွေ့ရသဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း တည်ရှိသည်ဟု ရေးနိုင်တယ်။ မြေပုံပါဒေသ၏ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊စီးပွားရေးပထဝီဝင်စသည့် မေးခွန်းတွေကို ဖြေတဲ့အခါမှာမြေပုံရှိ ရည်ညွှန်းချက်များကို သေချာစွာ လေ့လာမှတ်သားရမယ်။ အဲဒီအခါ မြေပုံမှာပါတဲ့ ထင်ရှားသောလက္ခဏာများကိုသိမြင်ပြီး ဒေသတစ်ခုလုံးကို ခြုံငုံသဘောပေါက်မှသာ စတင်ရေးသားသင့်တယ်။ ရေးသားရာတွင် အတွေ့အကြုံလည်း များစွာလိုအပ်တဲ့အတွက်ကြောင့် ကွန်တိုမြေပုံများစွာကို ကြည့်ရှုလေ့လာထားရမယ်။ ဒါ့အပြင် ကြောင်းကျိုးဆက်နွှယ် ဖြေဆိုတတ်ရန်လည်း လိုအပ်တယ်။ မြေပုံပါအချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုပါ။ ဆက်လက်ပြီးပေးထားတဲ့ ကွန်တိုမြေပုံဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။ ဖော်ပြပါမြေပုံဒေသသည် ရွှေကျင်မြို့၏ ပတ်ဝန်းကျင်ဒေသပုံဖြစ်တယ်။‘က’အမှတ်အသားသည် ဒေသ၏**အနောက်တောင်**ဘက်တွင်ရှိပြီး ‘ခ’ အမှတ်အသားသည် ဒေသ၏**အရှေ့**ဘက်တွင် ရှိသည်။

ဒါကြောင့် ‘က’ မှ‘ခ’ ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် ဖော်ပြပါအတိုင်းတွေ့ရမည်

‘က’ မှ ‘ခ’ သို့ ဖြတ်ပိုင်းပုံ



‘က’နေရာသည် အမြင့်ပေ၁၀၀အောက်၌ရှိပြီး အရှေ့ဘက်ရှိ‘ခ’သို့ဆက်ရာမဒမချောင်းနှင့်ချောင်းငယ်များ၊ ပေ၂၀၀ကွန်တိုမျဉ်း၊ပေ၃၀၀နှင့် ပေ၄၀၀ကွန်တို မျဉ်းများကိုဖြတ်သန်းပြီး ‘ခ’အမှတ်နှင့်ဆက်သွယ်ထားသည်။

‘ ခ’ အမှတ်သည် အမြင့်ပေ ၅၀၀ အောက်တွင် တည်ရှိသည်။

**ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင် အကြောင်းကို ဆွေးနွေးရအောင်**

**မြေပုံပါဒေသ၏ ရူပပထဝီဝင်**

**တည်နေရာနှင့် အကျယ်အဝန်း**

ပေးထားသောကွန်တိုမြေပုံပါဒေသတွင် ရွှေကျင်မြို့ကို တွေ့ရသဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး မြောက်လတ္တီကျူ ၁၇° ၅၃'မှ၁၇° ၅၇'အတွင်းနှင့် အရှေ့လောင်ဂျီကျူ၉၆° ၅၂'မှ ၉၆° ၅၆'အတွင်း တည်ရှိသည်။ ဧရိယာ(၂၀. ၂၅)စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။

**မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း**

မြေပုံတွင် တောင်ကုန်းတောင်တန်းအပိုင်းနှင့် မြေပြန့်လွင်ပြင်ပိုင်းဟူ၍ နှစ်ပိုင်းတွေ့နိုင်သည်။ တောင်ကုန်းတောင်တန်းများကို ပုံ၏အရှေ့နှင့် အရှေ့တောင်ပိုင်းတွင်တွေ့ရပြီး အမြင့်ဆုံးအပိုင်းသည် ပေ၅၀၀ကျော်မြင့်သည်။ တောင်တန်း၏အနိမ့်ဆုံးအပိုင်းသည် ပေ ၁၀၀ ဖြစ်ပြီး မြေပြန့်လွင်ပြင်ပိုင်းကို မြောက်ဘက်၊ အနောက်ဘက်နှင့်တောင်ဘက်ပိုင်းတို့တွင် ကျယ်ပြန့်စွာတွေ့ရပြီး မြေပုံပါဒေသ၏ ၄ ပုံ ၃ ပုံကျော် ကျယ်ဝန်းသည်။ လွင်ပြင်သည် ပေ ၁၀၀ အောက်နိမ့်သော မြေပြန့်လွင်ပြင်အမျိုးအစားဖြစ်သည်။ ပုံတွင် ရွှေကျင်ချောင်းသည် အရှေ့မြောက်မှအနောက်ဘက်သို့ စီးဆင်းနေသည်။ ရွှေကျင်ချောင်းအတွင်းသို့တောင်ဘက်မှ မဒမချောင်းစီးဝင်သည်။ ချောင်းများအတွင်း သဲသောင်များတွေ့ရပြီး ချောင်းငယ်များအဘက်ဘက်မှ စီးဝင်နေသည်။ ရွှေကျင်ချောင်းနှင့် ချောင်းအားလုံးသည် ရေအမြဲစီးဆင်းသော ချောင်းများ ဖြစ်သည်။

***စာမျက်နှာ ၁၇ ကော်လံ ၁ သို့***

*စာမျက်နှာ ၁၆ မှ အဆက်*

**ရာသီဥတု**

ဒေသသည် မြောက်လတ္တီကျု ၂၃½˚ အတွင်းတည်ရှိခြင်း၊ ပေ ၃၀၀၀ အောက်နိမ့်သော ဒေသဖြစ်ခြင်းကြောင့် အပူချိန်များသည်။ တောင်တန်းများရှိခြင်း၊ ရေအမြစ်းဆင်းသည်။ ချောင်းများတွေ့ရခြင်းတို့ကြောင့် မိုးများသည်။ ပဲခူးတိုင်းအောက်ပိုင်းတွင် တည်ရှိ၍ ပင်လယ်နှင့် နီးခြင်းကြောင့် အပူချိန်ကွာခြားချက်နည်းသည်။ အပူချိန်များပြီး မိုးရေချိန်များခြင်းကြောင့် အပူပိုင်းစိုစွတ် (မိုးများ) ရာသီဥတုရရှိသည်။

**သဘာဝပေါက်ပင်**

အပူချိန်များပြီး မိုးရေချိန်များ၍ တောင်ကုန်းတောင်တန်းများပေါ်တွင် အပူပိုင်းအမြဲစိမ်းတောနှင့် ရွက်ပြတ်ရောတောများပေါက်သည်။

**မြေဆီလွှာ**

မိုးများ၍တောင်ကုန်းတောင်တန်းများပေါ်တွင် နီညိုတောမြေ၊ ဝါညိုတောမြေ၊ မြေပြန့်လွင်ပြင်များပေါ်တွင် လယ်မြေနှင့် မြစ်ချောင်းများအနီးတွင် နုန်းမြေနှင့် သဲများတွေ့ရသည်။

**လူဦးရေ**

မြို့နှင့် ကျေးရွာများ ကျဲပါးစွာတွေ့ရ၍ လူနေနည်းသည်။ ရွှေကျင်မြို့သည် လူနေထိုင်မှု အသင့်အတင့်များသည်။ ရွှေကျင်မြို့နှင့် ကျေးရွာများသည် မြစ်ချောင်းများအနီးတွင် တည်ရှိကြပြီး စုစည်းသောပုံသဏ္ဌာန်ရှိသည်။ မြေပုံပါဒေသသည် ပဲခူးတိုင်းဒေသကြီးတွင်ပါဝင်၍ ဗမာလူမျိုးအများဆုံး နေထိုင်ပြီး ကရင်၊မွန်နှင့် အခြားတိုင်းရင်းသားများလည်း နေထိုင်သည်။ ထို့အပြင် ဗမာလူမျိုးအများဆုံးနေထိုင်၍ ဗုဒ္ဓဘာသာကိုးကွယ်သူများပြီး အခြားဘာသာဝင်များလည်း နေထိုင်သည်။

**စီးပွားရေးပထဝီဝင်**

**စိုက်ပျိုး၊မွေးမြူရေး၊**

မြေပြန့်လွင်ပြင်ပိုင်းရှိ လယ်မြေများပေါ်တွင် မိုးဥတု၌ စပါးစိုက်ပျိုးပြီး ဆောင်းသီးထပ်အဖြစ် မြေပဲ၊ ပဲအမျိုးမျိုး၊ ငရုတ်၊ ပြောင်းနှင့် ဟင်းသီးဟင်းရွက်များစိုက်သည်။ တောင်ကုန်းတောင်တန်းများပေါ်တွင် ဥယျာဉ်ခြံသီးနှံ (ရှောက်၊ သံပရာ၊ တညင်း၊ နာနတ်)တို့ စိုက်ပျိုးသည်။ မြစ်ချောင်းအတွင်းသဲသောင်များပေါ်တွင် မြေပဲ၊ ဆေးရွက်ကြီး၊ ပြောင်း၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်တို့ စိုက်ပျိုးသည်။ မွေးမြူရေးတွင် စိုက်ပျိုးရေးအတွက် ကျွဲ၊ နွားတို့မွေးမြူပြီး စားသုံးရန် ကြက်၊ ဘဲ၊ ဝက် တို့ကို မွေးမြူသည်။

**ရေလုပ်ငန်း**

ဒေသအတွင်းရှိ ချောင်းများမှ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည်။

**သစ်တောလုပ်ငန်း**

တောင်ကုန်းတောင်တန်းများပေါ်၌ ဒေသသုံး သစ်၊ ဝါးနှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူသည်။

**စက်မှုလက်မှုလုပ်ငန်း**

စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများအဖြစ် ဆန်စက်၊ ဆီစက်များနှင့် သစ်တောများရှိ၍ သစ်စက်များလည်းရှိသည်။ ရွှေကျင်မြို့တွင် ဆေးလိပ်လုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်ငန်းများကို တွေ့ရပြီး ကျေးရွာများတွင် ရက်ကန်းလုပ်ငန်းများရှိသည်။

**ပို့ဆောင်ဆက်သွယ်ရေး**

ဒေသတွင်းဆက်သွယ်ရေးလမ်းများ နည်းပါးကြောင်းတွေ့ရသည်။ ရွှေကျင်မြို့နှင့် ကျေးရွာများကို လှည်းလမ်း၊ လူသွားလမ်းများနှင့် ဆက်သွယ်ထားသည်။ ရွှေကျင်မြို့နှင့် ကျေးရွာများသည် ချောင်းများအနီးတည်ရှိပြီး ရွှေကျင်ချောင်းနှင့် မဒမချောင်းများအတွင်း လှေ၊သင်္ဘောငယ်များ သွားလာနိုင်သည်။ **ကုန်သွယ်ရေး**တွင် ဒေသတွင်းမှ စိုက်ပျိုးရေးထွက်ကုန်၊ သစ်တောထွက်ကုန်၊ ရက်ကန်းထည်များ တင်ပို့ပြီး အခြားဒေသများမှ ဒေသအတွက်လိုအပ်သည့် လူသုံးကုန်၊ စားသောက်ကုန်၊ ဆေးဝါးများ ပြန်လည်တင်သွင်းသည်။

**မေးခွန်းမှာသင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာ** ဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားများ အနေနဲ့ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက်ဖတ်၊ မှတ်ဖို့လိုတယ်။ သင်ခန်းစာအားလုံးကို မြေပုံနှင့်တကွ မှန်မှန်လေ့ကျင့်ထားရမယ်။ သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါမှာ မြေပုံနှင့်အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်မှာ ဖြစ်တဲ့အတွက် အလွတ်ကျက်ခြင်းထက် ပိုပြီးဖြေဆိုနိုင်မယ်။ မေးခွန်းမှာ မေးထားတဲ့ လိုရင်းကိုသာ ဖြေရမှာဖြစ်ပြီး သိတာတွေအားလုံး ဖြေရမှာမဟုတ်ကြောင်း သတိပြုရမယ်။ လက်တွေ့ပထဝီဝင်အပိုင်းကို တိကျစွာ ဖြေဆိုနိုင်မည်ဆိုပါက အမှတ်ပြည့်ရနိုင်သည့်အတွက် သေချာစွာလေ့ကျင့်ထားသင့်ပါသည်ဟု အကြံပြုလိုက်ပါတယ်။ ။

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း(ရုံးချုပ်)နှင့် စက်ရုံများတွင် e-Admin Software အား ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ချိပ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန နေပြည်တော်သို့ ၂၄-၁-၂၀၁၁ရက် ညနေ ၄နာရီ နောက်ဆုံးထား ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၂၁-၁-၂၀၁၁ရက်မှစတင်၍ အောက်ဖော်ပြပါအတိုင်း ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**အမှတ်(၁) စက်မှုဝန်ကြီးဌာန**
**မြန်မာ့အထည်အလိပ်လုပ်ငန်း(စီမံခန့်ခွဲရေးဌာန)**
**ရုံးအမှတ်(၃၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၁၈၄၊ ၄၀၈၁၃၆။**

## ဈေးနှုန်းလွှာခေါ်ယူခြင်း

၁။ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများအား နိုင်ငံခြားငွေ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Drilling Rig Spare Parts | (1)Lot (နိုင်ငံခြားငွေ) |
| (ခ) | Hand Tools | (1)Lot (နိုင်ငံခြားငွေ) |
| (ဂ) | 400 KW Engine & Gasifier Generator | (1)Lot (နိုင်ငံခြားငွေ) |
| (ဃ) | 11/3.3KV,11/0.4 KV Substation Accessories | (5)Sets (နိုင်ငံခြားငွေ) |
| (င) | Submersible Pump | (5)Sets (နိုင်ငံခြားငွေ) |
| (စ) | Electrical Spare | (1)Lot (နိုင်ငံခြားငွေ) |
| (ဆ) | Lubricant | (1)Lot (မြန်မာကျပ်ငွေ) |
| (ဇ) | Diesel Engine | (1)Lot (နိုင်ငံခြားငွေ/မြန်မာကျပ်ငွေ) |
| (ဈ) | Laboratory Glassware & Accessories | (1)Lot (နိုင်ငံခြားငွေ/မြန်မာကျပ်ငွေ) |

**ပိတ်ရက်နှင့်အချိန်** - ၂၈-၁-၂၀၁၁ရက်၊ ညနေ ၄:၀၀ နာရီ

၂။ ဈေးနှုန်းလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)၊**
**ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ် (၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၃၀၈၊ ၀၆၇-၄၃၁၂၉၅။**

## ရေးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်း(၃)လမ်း ခေမာရာမသီလရှင် စာသင်တိုက်၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၉ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် (၇၅)နှစ်ပြည့် ဘိုးဘွားများအမည်စာရင်း၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ (အသင်းဝင်သားသမီး)များစာရင်းကို ဦးမြင့်ဆွေ(ဥက္ကဋ္ဌ) ဖုန်း-၅၈၀၄၉၅၊ ဦးဖေအောင် (ဒုတိယ ဥက္ကဋ္ဌ-၁) ဖုန်း-၅၇၀၀၆၂၊ ဦးစံလွင် (ဒုတိယ ဥက္ကဋ္ဌ-၂)ဖုန်း-၅၈၀၆၇၃၊ ဦးသက်ဝေ(အတွင်းရေးမှူး) ဖုန်း-၅၄၈၃၇၅၊ ဦးဝင်းတင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၅၇၂၅၄၂၊ ဒေါ်ခင်စောမြင့် (ဘဏ္ဍာရေးမှူး)ဖုန်း-၅၀၁၅၁၇၊ ဒေါ်မိမိဆန်း(အမှုဆောင်) ဖုန်း-၀၉-၅၀၄၂၂၇၄တို့ထံသို့ ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထားပြီး ဆက်သွယ်စာရင်းပေးနိုင်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

**မှတ်ချက်။** ။ နံနက်စာဖြင့်ဧည့်ခံပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရေးမြို့နယ်အသင်း (ရန်ကုန်)။**

## နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ မြို့ကျက်သရေဆောင် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီး၏ (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းဘုရားပွဲတော်

## ကြေညာချက်

နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ မြို့ကျက်သရေဆောင် ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်မြတ်ကြီး၏ (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းဘုရားပွဲတော်ကြီးကို ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဆပ်ကပ်၊ တေးသရုပ်ဖော်ကပွဲတို့ဖြင့် (၁၃၇၂ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၄ ရက်) ၁၄-၃-၂၀၁၁ ရက်မှ ၂၃-၃-၂၀၁၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လူပေါင်းတေးသရုပ်ဖော်ကပွဲ၊ ဆပ်ကပ်၊ ချား၊ ရဟတ်၊ မျက်လှည့်နှင့် ဓာတ်ပုံတိုက် မြေနေရာများကို (၁၃၇၂ ခုနှစ် တပို့တွဲလဆန်း ၁ ရက်မှ တပို့တွဲလဆန်း ၁၅ ရက်) ၄-၂-၂၀၁၁ ရက်မှ ၁၈-၂-၂၀၁၁ ရက်အထိလည်းကောင်း၊ လူပေါင်းဈေးဆိုင်ခန်းများကို(တပို့တွဲလဆန်း ၁ ရက်မှ တပို့တွဲလကွယ်နေ့) ၄-၂-၂၀၁၁ ရက်မှ ၄-၃-၂၀၁၁ရက်အထိလည်းကောင်း လူသစ်များကို လူပေါင်းများ သတ်မှတ်ရက် အသီးသီး၏နောက်ပိုင်းတွင် ဆက်လက်ရောင်းချပေးမည်ဖြစ်ပါသည်။

ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဆပ်ကပ်နှင့် တေးသရုပ်ဖော်ကပွဲများ ထည့်သွင်းလိုသည့် ကန်ထရိုက်တာများ အမြန်လာရောက်ဆက်သွယ်ကြပါရန် ကြေညာအပ်ပါသည်။

**ဂေါပကအဖွဲ့**
**ဆုတောင်းပြည့်လောကမာရဇိန်စေတီ**
**နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်။**

## ၁၃၇၂ခုနှစ်
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## သွားတော်ဓာတ်နှင့် ဆံတော်ရှင်
## သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး
# လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ

**သူတော်စင်အပေါင်းတို့ခင်ဗျား-**

သာသနာတော်သက္ကရာဇ်၂၃၆ခုနှစ်၌ နာဂဝီသ(ခ)သလင်းတောင်ထွတ်တောင်မြတ်တွင် ဗုဒ္ဓ၏သွားတော်ဓာတ်နှင့် ဆံတော်ရှင်မြတ်တို့ဖြင့်တည်ထားသည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၏ ကျက်သရေဆောင်တစ်ဆူဖြစ်တော်မူသော ကျိုက်သလွံစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ပါသဖြင့် ကြုံကြိုက်ခဲလှစွာသော သာသနာတော်မြတ်ကြီးတွင် စေတီ၏ဉာဏ်တော်ပေ၁၅၀အား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန် စေတနာရှင်၊ ပါရမီရှင်၊ ရဟန်းရှင်လူ များပြည်သူတို့က စုပေါင်းညီညာကုသိုလ်ပါဝင်နိုင်စေရန် ရည်သန်၍ ထက်သန်သောစေတနာ၊ ခိုင်မာသောသဒ္ဓါတရားတို့ဖြင့် ကာယ၊ ဉာဏ၊ ဓနစွမ်းအားအလျောက် အလှူတော်များ ပါဝင်လှူဒါန်းနိုင်ကြပါသည်။ **ဆက်သွယ်ရန်ဌာန** -(၁) ဦးစန်းမြင့် (ဥက္ကဋ္ဌ) ဖုန်း-၀၅၇-၂၆၁၅၆၊၂၁၃၃၄၊ ၀၉-၈၇၀၀၇၇၆၊ (၂)ဦးဟန်လွင်(အတွင်းရေးမှူး) ဖုန်း-၀၉-၄၉၈၀၁၀၅၇၊ ၀၅၇-၂၅၃၃၅၊ (၃)ဦးခင်မောင်ဝင်း (ဘဏ္ဍာရေးမှူး) ဖုန်း-၀၅၇-၂၃၀၀၄၊ ၀၉-၅၃၂၂၃၀၀၊ (၄) ဦးမောင်သန်း(မော်လမြိုင်အသင်း)ဖုန်း-၀၁-၅၅၇၂၇၈၊ (၅) ဦးကိုကိုဦး-မသန်းအေး (ချမ်းမြေ့ကြွယ် အဝေးပြေးကား-ရန်ကုန်-မော်လမြိုင်) ဖုန်း-၀၁-၆၈၀၁၇၁တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

## အမည်ပြောင်း

သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာရပ်ကွက်နေ ဦးသန်းအောင်-မရီရီမြင့်တို့၏သမီး အထက သဃ်န်းကျွန်း နဝမတန်း(D)မှ မဇူးဇူးသန်းအောင်အား မဇာဇာအောင်ဟု ပြောင်းလဲခေါ်ပါရန်။


## Beauty Spa

ပစ္စည်းတစ်ဆိုင်စာရောင်းရန်ရှိသည်။
တန်ဖိုး ကျပ်သိန်း ၃၀
(အလျှော့အတင်းရှိ)
**ဆက်သွယ်ရန်-**
**ဖုန်း- ၀၉-၅၀၈၃၁၀၆။**

## Doggy Doggy's

Original ငါးကန်များ
သံလှောင်အိမ်
Size အမျိုးမျိုးရောက်ရှိနေပါပြီ။
**ဖုန်း-၀၁-၂၄၀၄၈၃၊**
**၀၁-၇၃၀၁၇၉၃၇။**


## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ ပေါင်းလောင်း(၁)၊ မြေကွက်အမှတ် ၅၂၃၊ ဧရိယာ ၀.၁၁၃ ဧက၊ ၅လမ်း၊ ပေ(၄၀×၆၀)၊ ဒေါ်ခင်မြင့်ရီ အမည်ပေါက် ပါမစ်မြေကွက်အား ဦးသိန်းဇော် ၁၂/လကန (နိုင်)၀၁၅၃၂၅က ၄င်း၏အမည်ဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်း တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် ၃၁-၁-၂၀၁၁ ရက်နောက်ဆုံးထား၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာနသို့ လာရောက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

## မိဘအမည်မှန်

ကျွန်တော်ဦးသန်းဝင်း ၃/ဘအန(နိုင်)၁၁၄၁၅၉ ကိုင်ဆောင်သူ၏ မိဘများမှာ ဦးစုဇီ-ဒေါ်ထွားရီ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၈၊ မြေကွက်အမှတ် ၈၉၊ မြေကွက်တည်နေရာအမှတ်၄၇၊ အောင်ရိပ်သာ ၄ လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးနီချစ်ဝေAG-၃၃၃၆၁၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးနီချစ်ဝေ ကွယ်လွန်သဖြင့် ဒေါ်စောကြည် ၁၂/ကမရ(နိုင်)၀၀၄၀၇၃ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ပျောက်ဆုံးကြောင်း

ဒေါ်ကေခိုင်စိုး ပိုင် ယာဉ်အမှတ် ၈ဂ/၈၀၃၀ စက်မှုဇုန် လိုက်ထရပ် မော်တော်ယာဉ်၏ (ကမ-၃)လိုင်စင် စာအုပ်နှင့် ယာဉ်စစ်စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၁-၅၂၂၂၈၉။**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## မြန်မာ့အလင်း နိုင်ငံတကာ သိပ္ပံသုတေသနသတင်း

### ရာသီဥတု လေ့လာရေးဂြိုဟ်တု ရုရှားလွှတ်တင်

**မော်စကို ဇန်နဝါရီ ၂၁**

ရုရှားနိုင်ငံက ရာသီဥတုလေ့လာရေးဆိုင်ရာ ဂြိုဟ်တုတစ်လုံးကို ကာဇက်စတန်ရှိ ဘိုင်ကူနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇန်နဝါရီ ၂၁ ရက်က လွှတ်တင်လိုက်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

၎င်းဂြိုဟ်တုသည် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ ရယူပေးပို့မည်ဖြစ်သည်။ ယင်းဂြိုဟ်တုအား သယ်ဆောင်သွားသည့်ဒုံးပျံမှာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်နိုင်သည့် လောင်စာစွမ်းအင်ကို အသုံးပြုခဲ့သည်။

၎င်းဂြိုဟ်တု(**အပေါ်ယာပုံ**)သည် အာကာသအတွင်း ၁၀နှစ်ကြာတိုင်အောင် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်နှင့် ဓာတ်ပုံများကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**



### တရုတ်၌ နှစ်သန်း ၁၆၀ခန့်က တွားသွားသတ္တဝါရုပ်ကြွင်း ရှာဖွေတွေ့ရှိ

**ပေကျင်း ဇန်နဝါရီ ၂၁**

တရုတ်နိုင်ငံ လျောင်းနင်းပြည်နယ်တွင် ရှေးနှစ်သန်းပေါင်း ၁၆၀ ခန့်က တွားသွားသတ္တဝါတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို တရုတ်သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း တရုတ်အရာရှိများက ဇန်နဝါရီ ၂၁ရက်၌ ထုတ်ဖော်ပြောကြားသည်။ **(ဝဲပုံ)**

#### ရှာဖွေတွေ့ရှိ

၎င်းကျောက်ဖြစ်ရုပ်ကြွင်းနှင့်အတူ အဆိုပါတွားသွားသတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေသော ဥတစ်လုံးကိုလည်း *စာမျက်နှာ ၉ ကော်လံ ၁* ✱

### ၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

*နေပြည်တော် ဇန်နဝါရီ ၂၁*

*ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ နေပြည်တော် မြန်မာ့အသံနှင့် Myanmar International တို့က ယင်းနေ့ညနေ ၅ နာရီမှ စတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။*

*(သတင်းစဉ်)*

### တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅၊ ၁၆ နှင့် ၁၇ တွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

### ထူးခြားသည့် ညအပူချိန်များ ၂၁-၁-၂၀၁၁

| | |
|---|---|
| ဟားခါးမြို့ | - ၄ ဒီဂရီစင်တီဂရိတ် |
| လားရှိုးမြို့ | ၁ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၁ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၃ ဒီဂရီစင်တီဂရိတ် |